ရောင်းမှ

The Mirror Daily

၁၉၅၇ ခုနှစ် တွင် စတင် တည်ထောင်သည်၊ Established in 1957

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 28 June 2017 (စဉ်ဖြ)

သူတော်ကောင်းထံချဉ်းကပ်

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နီပေါနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

သတင်းစာမျက်နှာ - ၃

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၁၆ ဘီလီယံခန့် အသုံးပြု၍ ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်သွားမည်

နေပြည်တော် ဇွန် ၂၇

ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့်ညှိနှိုင်းလျက်ရှိသဖြင့် ကျေးရွာသစ်များနှင့် ရပ်ကွက်သစ်များကို ဖော်ထုတ်ချထားပေးရန် အစီအစဉ်မရှိသေးကြောင်း နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

စရိတ်မျှပေးကျန်းမာရေးစနစ်ဖြင့် ဆေးဝါးများ ဝယ်ယူရောင်းချထောက်ပံ့ခြင်းကို အခမဲ့ ထောက်ပံ့ပေးခြင်းဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့

နေပြည်တော် ဇွန် ၂၇

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဋ္ဌမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪

မန္တလေးဆိပ်ကမ်းပို့ ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းများ ပြည်သူထံ ထုတ်ဖော်တင်ပြ

မန္တလေး ဇွန် ၂၇

မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖော်ဆောင်ရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထုအား ဆွေးနွေးတိုင်ပင်မှုနှင့်အတူ ထုတ်ဖော်တင်ပြခြင်းအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ကမ်းနားလမ်းရှိ ရန်မျိုးလုံပေါ်တော်မူဘုရားဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က စီမံကိန်းနှင့်ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး E Guard Environmental Services Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးသီဟက ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်း (Initial Environmental Examination)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"အခုဟာက စီမံကိန်းဖော်ဆောင်ဖို့အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်း(Initial Environmental Examination-IEE)ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်တဲ့အဆင့်ပဲ ရှိပါသေးတယ်။ မြေယာလျော်ကြေးနဲ့ပတ်သက်ပြီးတော့လည်း ဒီအဆင့်ကျော်ပြီး အတည်ပြုပြီးမှ သာလျှင် မြေယာလျော်ကြေးကိစ္စကို နိုင်ငံတော်အစိုးရထံ တင်ပြသွားမှာပါ" ဟု ရေအရင်းအမြစ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

မန္တလေးမြို့ ဧရာဝတီမြစ်အတွင်းရှိ ဆိပ်ကမ်းတစ်ခုကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကသာ-ထီးချိုင့်လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး Long Time Plan wGif Express-way လမ်းမကြီး အဆင့်တွင်ပါဝင်သည့်အတွက် လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ထားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ဧရာဝတီတံတား (ထီးချိုင့်)သို့ရောက်ရှိပြီး တံတားကြံ့ခိုင်မှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ မန္တလေး-တကောင်း - ဗန်းမော် - မြစ်ကြီးနား လမ်း (မန္တလေး-မြတောင်)အပိုင်း၊ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို လည်းကောင်း B.O.T စနစ်ဖြင့် ဆောင်ရွက်သော မန္တလေး-မတ္တရာ- လက်ပံလှ - ဖော့တောလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး တည်ဆောက်ရေးအဖွဲ့(၁)၏ ခုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း၊ ပင်မအလုပ်ရုံ(မြောက်)ရှိ စက်၊ ယာဉ်၊ ယန္တရားများ ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လမ်းဦးစီးဌာန၊ သင်တန်းကျောင်း(၃)၊ မန္တလေးသို့ရောက်ရှိပြီး သင်တန်းခန်းမဆောင်၊ သင်ထောက်ကူပစ္စည်းများ ပြသထားရှိမှု၊ သင်တန်းသား အိပ်ဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တံတားဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (မန္တလေးဓာတ်ခွဲခန်း)သို့ ရောက်ရှိပြီး အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၏ မြေနမူနာစမ်းသပ်ခန်းနှင့် ကွန်ကရစ်အရည်အသွေးစမ်းသပ်ခန်းများကို လည်းကောင်း၊ လမ်းသုတေသနဓာတ်ခွဲခန်းများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယန္တရားတပ်ခွဲ(မြောက်)သို့ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ လမ်း၊ တံတားလုပ်ငန်းများအတွက် ထားရှိသည့် စက်၊ ယာဉ်၊ ယန္တရားများ၊ လုပ်ငန်းပြီးဆုံး၍ ပြန်လည်အပ်နှံထားသည့် စက်၊ ယာဉ်၊ ယန္တရားအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရောင်လမ်း

လူငယ်လူရွယ်များ ပြုစုပျိုးထောင်ရေး

လူငယ်လူရွယ်များအရွယ်သည် အဓိကအားဖြင့် ပညာသင်ကြားရမည့် အရွယ်များဖြစ်ပြီး အကယ်၍ ပညာသင်ကြားနိုင်ခြင်းမရှိပါက အသက်မွေးဝမ်းကျောင်းပညာတစ်မျိုးမျိုးသင်ကြားခြင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာရပ် အလုပ်အကိုင်တစ်ခုခုတွင်လုပ်ကိုင်ခြင်း ဖြစ်နေသင့်သည်။ သို့မဟုတ်ပါက အဆိုပါလူငယ်လူရွယ်များမှာ လေလွင့်လူငယ်လေးများအဖြစ်သို့ရောက်ရှိပြီး မိသားစုအတွက်လည်း အကျိုးမဖြစ်ထွန်း၊ နိုင်ငံအတွက်လည်း အကျိုးမရှိဖြစ်ကာ အနာဂတ်တွင် ရင်လေးစရာပြဿနာများ ဖြစ်လာနိုင်သည်။

လတ်တလောတွင် လူငယ်လူရွယ်များ အမှုအခင်းဖြစ်စဉ်များတွင် ပါဝင်လာသည်ကို မြင်တွေ့လာရသည်။ ထိုလူငယ်လူရွယ်များမှာ ပညာသင်ကြားခြင်းမရှိ၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာ သင်ကြားခြင်းမရှိ၊ အလုပ်အကိုင်လုပ်ကိုင်ခြင်းလည်း မရှိကြချေ။ ထိုလူငယ်များမှာ အသိုင်းအဝိုင်းမှားယွင်းမှုကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်လည်းကောင်း မဖြစ်သင့်မဖြစ်ထိုက်သော အဖြစ်များတွင် ပါဝင်လာကြရသည်။

လူငယ်ဟူသည်မှာ စူးစမ်းလိုခြင်း၊ စွန့်စားလိုခြင်း စိတ်ဓာတ်များ ပြင်းပြကြသော အရွယ်များဖြစ်ကြ၍ ပညာရပ်နယ်ပယ်များတွင်သာ ရှိသင့်သည်။ သို့တည်းမဟုတ် အလုပ်အကိုင်နယ်ပယ်တွင်သာ ရှိသင့်သည်။ ကလေးသူငယ်ဆိုသည်မှာ ဖရောင်းကဲ့သို့ ပုံသွင်းရလွယ်ကူသော အရွယ်များဖြစ်၍ လူကြီးများက လိုရာပုံကို သွင်းပေးရမည်ဖြစ်ရာ လှပသောပုံလေးများဖြစ်အောင် သွင်းပေးရမည်ဖြစ်သည်။ အကယ်၍ လမ်းမှားရောက်သည်ဆိုပါကလည်း လမ်းမှန်ပြန်ရောက်အောင် တည့်မတ်ပေးကြရမည်ဖြစ်သည်။

ပြစ်မှုကျူးလွန်မိသော လူငယ်လူရွယ်များအား အပြစ်ပေးအရေးယူခြင်းထက် အဆိုပါလူငယ်များအား ပြန်လည်တည့်မတ်အောင် လမ်းမှန်သို့ ပို့ဆောင်ပေးခြင်းသည်သာ အကောင်းဆုံးဖြစ်မည်။ လူငယ်များ၏ ကျူးလွန်ခဲ့သောအမှုအခင်းမြောက်အောင် မည်သည့်အရာက စေ့ဆော်ပေးခဲ့သည်၊ ထိုလူငယ်များတွင် မည်သည့်အားနည်းချက်များရှိသည်၊ မည်သည့်လိုအပ်ချက်များရှိသည်တို့ကို ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ကြည့်ရမည်ဖြစ်သည်။ ပြီးမှ ထိုလူငယ်များကို မည်သို့ပြန်လည်ပြုစုပျိုးထောင်ပေးရမည်ကို စဉ်းစားကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသားကောင်ဖြစ်ရသော လူငယ်တစ်ယောက်ကို ပြစ်ဒဏ်ချမှတ်ခြင်းသည် ပြီးပြည့်စုံသည့် အဖြေတစ်ခုမဟုတ်ဘဲ ထိုလူငယ်၏ဘဝအား ပြန်လည်ထူထောင်အောင် ဆောင်ရွက်ပေးနိုင်ခြင်းသည်သာ ပိုမိုကောင်းမွန်သည့်အဖြေ ဖြစ်ပေလိမ့်မည်။ အသက်အရွယ်အလိုက် ပြစ်မှုကျူးလွန်မိသော လူငယ်များအား လူငယ်ပြုပြင်ရေးစခန်း၊ လူငယ်ထိန်းသိမ်းရေးစခန်း၊ လူငယ်ပြုစုပျိုးထောင်ရေးစခန်းများဟူ၍ ရှိခဲ့ပြီးဖြစ်သည်။ ထိုလူငယ်များ၏ လိုအပ်ချက်များကို စေ့စပ်သေချာအောင် ဖော်ထုတ်၍ အနာဂတ်တွင် ကောင်းမွန်လာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူငယ်လူရွယ်များ အမှုအခင်းဖြစ်စဉ်များတွင် ပါဝင်လာကြသည်မှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းသည် ငွေကြေးရရှိလိုမှုမှတစ်ဆင့် လမ်းလွဲသို့ရောက်ရှိသွားခြင်းဖြစ်တန်ရာ အကြောင်းရှိသည်။ အခြားတစ်ခုမှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လမ်းမှားသို့ ရောက်ရှိသွားခြင်းလည်းဖြစ်နိုင်သည်။

သို့ဖြစ်၍ လမ်းမှားသို့ရောက်ရှိသွားသော လူငယ်လူရွယ်များ လမ်းမှန်ပေါ်သို့ပြန်လည်ရောက်ရှိရေး၊ အခြားလူငယ်လူရွယ်များလည်း လမ်းမှားပေါ်သို့ ထပ်မံမရောက်ရှိရေးအတွက် လူငယ်လူရွယ်များအတွက် ပညာသင်ယူမှုအခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်မည့်အခြေအနေကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့်လူငယ်လူရွယ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ကာ အေးချမ်းသာယာသည့် လူဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ။

သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရေးနှင့် အချက်ပြမီးစနစ်မှန်ကန်ရေးအသိပညာပေး

လယ်ဝေး ဇွန် ၂၇

စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီမှစတင်၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံး အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်ဖြစ်ရာ နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန် ၂၄ ရက်က လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ အသိပညာပေးဟောပြောခဲ့သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ဦးတင်ထွန်းတို့က အမှာစကားပြောကြားပြီး နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးက သတ်မှတ်အမြန်နှုန်းထက်ပို၍မောင်းနှင်မှုမပြုရေးနှင့် အချက်ပြမီးစနစ်မှန်ကန်စွာ အသုံးပြုရေးတို့ကိုရှင်းလင်းကာ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။ ထို့နောက် စစ်ဆေးရေးမှူး(၂) ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ပညာပေးသင်တန်းပို့ချ၍ သင်တန်းတက်ရောက်သူများအား ရေးဖြေစစ်ဆေးခြင်းနှင့် မော်တော်ဆိုင်ကယ်မောင်း လက်တွေ့စစ်ဆေးခြင်းတို့ကိုပြုလုပ်ပြီး အောင်မြင်သူ ၄၄၀ အား 'က'ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခဲ့သည်။

အလားတူ နံနက်ပိုင်းတွင် လယ်ဝေးမြို့ မထသရုံး၌ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် နယ်လှည့်သက်တမ်းတိုးဆောင်ရွက်ခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူများအား အချက်ပြမီးစနစ်မှန်ကန်စွာအသုံးပြုရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်

ရန်ကုန် ဇွန် ၂၇

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းအုပ်စုတွင် သစ်ပင်စိုက်ပျိုးပွဲကို မိတာ ၄၀၀ ဘေလုံးကွင်းအတွင်း ယနေ့ နံနက်ပိုင်းတွင်ပြုလုပ်ရာ မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ ရေကြည်သစ်တောဦးစီးဌာနတောအုပ်ကြီး ဦးသိန်းဝင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကကျွန်း ၁၆၈ ပင်၊ ယူကလစ် ၁၀ ပင်နှင့် ပျဉ်းမအဖြူ ၁၀ ပင်တို့ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၂၇

ရန်ကုန်(ရွှေဈေး) ၉၀၇၀၀၀ - ၉၀၇၀၀၀ မန္တလေး(ရွှေဈေး) ၉၀၇၀၀၀ - ၉၀၇၀၀၀

စက်သုံးဆီဈေးနှုန်း

		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၅၀/၆၇၅ ကျပ်	၆၅၀/၆၈၅ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၀၃/၇၃၀ ကျပ်	၇၈၅/၈၁၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၆၅၀/၆၇၅ ကျပ်	၆၈၀/၇၁၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၇၀/၇၀၀ ကျပ်	၆၇၀/၇၁၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၅၆၈/၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၂/၅၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၆၀/၅၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၁. ၀
(ခ) ဥရောပ	တစ်ယူရို	=	၁၅၂၂. ၁
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၈. ၉၄
(ဃ) ထိုင်း	တစ်ဘတ်	=	၄၀. ၀၅၃
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၁၇. ၄၀
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁. ၁၂၂
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၂၁၅. ၉
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၉. ၈၉
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၃၂. ၂
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၉၈၀. ၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ရောင်လမ်း
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲသင်း ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
အာသာပြန်စာတည်းများ - ဦးအောင်ထိန်း ဦးခေါ်ဝင်း ဦးအေဝမ်းစိုး ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း ဦးနိုင်လင်းကြည် ဦးသက်ထွေး ဒေါ်သီသီမင်း

အယ်ဒီတန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး ဒေါ်ခင်ဇာလီ ဒေါ်ခင်စုရည်ဝင်
စာတည်းပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလွဲ

themirror.npt@gmail.com
www.facebook.com/themirrordaily

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီးနှင့် နီပေါနိုင်ငံသံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာအဲဒွါဒို ကပူနန် ဂျူနီယာသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာဘင်းကေအူးဒက်စ်သည် ယနေ့မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(ယာဝုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖယ်ခုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး ကြည့်ရှုစစ်ဆေး

ဖယ်ခုံ ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ဖယ်ခုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖယ်ခုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသခံတိုင်းရင်းသားများ၏ ရိုးရာ အသုံးအဆောင်ပစ္စည်းများ၊ စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်နှင့် ရုံးဌာနများကို အများပြည်သူ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာသည့်နေရာ၊ ပြည်သူများနှင့် အကျွမ်းတဝင်ရှိသည့်နေရာများ ဖြစ်လာစေရေးဆောင်ရွက်ရန်၊ စာပေဗဟုသုတများ လေ့လာဖတ်ရှုရန်၊ မိမိတို့၏ စွမ်းရည်များ မြင့်မားစေရေးဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ကိုထွေး(ဖယ်ခုံ)

မောင်မောင်ထွေး(ပြန်/ဆက်)

ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ဦးကိုကိုရှိန်အား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးကိုကိုရှိန်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာမည်

နေပြည်တော် ဇွန် ၂၃

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြိုးခဲ့သည်။ **မုတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပူတာအိုမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ တိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မော်ဘီ(စိုက်ပျိုးရေး)တွင် ၃ ဒသမ ၁၅ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၅၃ လက်မနှင့် လောင်းလုံးမြို့တွင် ၂ ဒသမ ၄၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

(ကြေးမုံ)

နည်းပညာတက္ကသိုလ်(မော်ဘီ) ကင်းထောက်အခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် နည်းပညာတက္ကသိုလ်(မော်ဘီ) ကင်းထောက်အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မော်ဘီမြို့ရှိ နည်းပညာတက္ကသိုလ်(မော်ဘီ) ကျောင်းခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်မှူးချုပ် (အစီအစဉ်) ဦးအေးကြိုင်၊ ကင်းထောက်မှူးချုပ် (လေ့ကျင့်ရေး) ဦးမြင့်ဆွေနှင့် ကင်းထောက်မှူးချုပ်များ၊ ကင်းထောက်ကြီးများ၊ နည်းပညာတက္ကသိုလ် (မော်ဘီ) ပါမောက္ခချုပ် ဒေါက်တာဒေါ်ကေသီလွင်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်မှူးချုပ်(အစီအစဉ်) ဦးအေးကြိုင်က မြန်မာနိုင်ငံတွင် ကင်းထောက်များ ဖွဲ့စည်းလှုပ်ရှားမှု၊ တက္ကသိုလ်ကင်းထောက်များနှင့် အခြေခံပညာကျောင်းများတွင် ကင်းထောက်သင်တန်းပို့ချမှုများနှင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုများကို ပြောကြားပြီး နည်းပညာတက္ကသိုလ်(မော်ဘီ) ပါမောက္ခချုပ် ဒေါက်တာဒေါ်ကေသီလွင်က သင်တန်းပို့ချမှုနှင့် ပတ်သက်ပြီး ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာကြသည့် ကင်းထောက်မှူးချုပ်များနှင့် ကင်းထောက်ကြီးများအား အမှတ်တရ ပစ္စည်းများပေးအပ်သည်။

နည်းပညာတက္ကသိုလ်(မော်ဘီ) ကင်းထောက်အခြေခံသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ပြီး ဇွန် ၃၀ ရက်အထိ မြန်မာနိုင်ငံကင်းထောက်လှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ကင်းထောက်သမိုင်း၊ ကြိုးချည်နည်းများ၊ အစုလိုက်အဖွဲ့လိုက်ကစားနည်းများ၊ ကင်းထောက်တေးသီချင်းများ စုပေါင်းသီဆိုမှုနှင့် တောတွင်းစခန်းချပညာရပ်များကို ကင်းထောက်ကြီးများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဟု သိရသည်။

(ကြေးမုံ)

❖ **မန္တလေးဆိပ်ကမ်းမှ**

မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ပြောကြားသည်။

"IEE ဆောင်ရွက်ပြီးတဲ့အပိုင်းမှာ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင်အပေါ် လေ့လာဆန်းစစ်ထားတဲ့ အခြေအနေတွေကို ပြည်သူလူထုကို ဆွေးနွေးတိုင်ပင်တာပါ။ သူတို့ရဲ့တင်ပြမှုကိုလည်း အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမယ်။ စီမံကိန်းလိုအပ်မှုနဲ့ ဖြစ်နိုင်ခြေရှိတဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေ အပါအဝင် စီမံကိန်းမှာပါဝင်ပတ်သက်သူတွေရဲ့ စီမံကိန်းအပေါ်မှာနားလည်မှုမြင့်တင်ဖို့၊ IEEနဲ့ပတ်သက်ပြီး စစ်တမ်းကောက်ယူမှုပုံစံနဲ့ရည်ရွယ်ချက်တွေကို သိရှိနားလည်စေဖို့ နောက်ပြီး IEEအပေါ် စီမံကိန်းမှာ ပါဝင်ပတ်သက်သူတွေရဲ့ စိတ်ဝင်စားမှုနဲ့အမြင်တွေစုဆောင်းပြီးဆွေးနွေးဖလှယ်ဖို့ အခုလိုဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု E Guard Environmental Services Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးသီဟက ပြောကြားသည်။

ယင်းစီမံကိန်းကို မန္တလေးမြို့အနောက်ဘက် ကန်တော်ကြီးအနီးရှိ ရွှေလုံ့ဗိုလ်ဘုန်းတော်ကြီးကျောင်း အနောက်ဘက်ခြမ်း ဧရာဝတီမြစ်နှင့်ကပ်လျက်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး မန္တလေးမြို့မှ ခရီးသည်နှင့်ကုန်ပစ္စည်းများကို ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင်တည်ရှိသော မြို့များသို့ ပို့ဆောင်နိုင်ရန်ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်းကို မြေဧက ၂၀ ပေါ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဆိုပြုခဲ့ခြင်းဖြစ်သည်။ ယင်းစီမံကိန်းကို Japan International Cooperation Agency(JICA)၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ကွန်တိန်နာများနှင့် ကုန်ပစ္စည်းများထားသိုရန်နေရာများ၊ ဆိပ်ခံတံတားနှင့် ချဉ်းကပ်တံတားတို့ ပါဝင်မည်ဖြစ်ပြီး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် စတင်လုပ်ဆောင်မည်ဖြစ်ရာ နှစ်နှစ်တာကာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်စေရေးကြိုးပမ်းရန် အမေရိကန်နှင့် အိန္ဒိယခေါင်းဆောင်တို့ သန္ဓိဌာန်ပြု

ဝါရှင်တန် ဇွန် ၂၇
အမေရိကန်နှင့် အိန္ဒိယဆက်ဆံရေး ခိုင်မာတိုးတက်မှုသည် မိမိတို့နှစ်နိုင်ငံစလုံးအတွက် အရေးကြီးသည်ဟု သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် ဝန်ကြီးချုပ်နရေန္ဒြာမိုဒီတို့ကသန္ဓိဌာန်ပြုပြောကြားကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် စီးပွားရေးအရ မိတ်ဖက်ပြုဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းကြမည်ဟု နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီကြကြောင်း မြို့တော်ဝါရှင်တန်ရှိ အိမ်ဖြူတော်၌ ထိပ်သီးဆွေးနွေးပွဲပြုလုပ်ပြီးနောက် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် အက်စ်ဂျေရှန်ကာက သတင်းထောက်များအား ပြောကြားသည်။ နှစ်နိုင်ငံစလုံးအတွက် အပြန်အလှန်အကျိုးကျေးဇူးရရှိစေမည့် အခြေခံမူဖြင့် ကမ္ဘာ့အင်အားကြီးစီးပွားရေးတည်ရာ နိုင်ငံတို့အကြား စီးပွားရေးအရ မိတ်ဖက်ပြုဆောင်ရွက်ကြရန် သမ္မတထရန့်နှင့် ဝန်ကြီးချုပ်မိုဒီတို့ သဘောတူညီကြကြောင်း ဂျေရှန်ကာက ပြောကြားသည်။

စီးပွားရေးအကြောင်းရပ်အနေဖြင့် ခေါင်းဆောင်နှစ်ဦးတို့သည် အမြော်အမြင်ကြီးမားလှသည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံစလုံး၌ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိကြရာ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖန်တီးပေးလာနိုင်မည်ဖြစ်ကြောင်း ဂျေရှန်ကာက ပြောကြားသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ရပ်များအဖြစ် မြို့ပြလေကြောင်းစျေးကွက်နှင့် သဘာဝဓာတ်ငွေ့ စျေးကွက်တို့ကို ဂျေရှန်ကာက ညွှန်းဆိုသည်။ လာမည့်နှစ်မှ အစပြု၍ သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်နှ်ဂျီ) ကို အမေရိကန်က အိန္ဒိယသို့ ပေးပို့တော့မည်ဖြစ်ကြောင်း၊ အိန္ဒိယ-အမေရိကန် အယ်လ်အင်နှ်ဂျီ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ကို ကျော်လွန်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးကိစ္စရပ်များ၊ စျေးကွက်ဝင်ရောက်ခွင့်၊ ဥပဒေစည်းမျဉ်းဆိုင်ရာ အတားအဆီးများစသည့် အကြောင်းရပ်များကို ခေါင်းဆောင်နှစ်ဦး ဆွေးနွေးခဲ့ကြပြီး လွတ်လပ်ပြီးမျှတသည့် ကုန်သွယ်ရေးအရေးကြီးပုံကို ခေါင်းဆောင်နှစ်ဦးစလုံးက အလေးအနက်ပြုပြောကြားခဲ့ကြကြောင်း ဂျေရှန်ကာက ဆိုသည်။

အိန္ဒိယနှင့်အမေရိကန်ခေါင်းဆောင်များသည် အိပ်ချ်-၁ ဘီအမျိုးအစား ဗီဇာကိစ္စနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း ဂျေရှန်ကာက ပြောကြားသည်။ **ပီတီအိုင်။**

ဘရာဇီးသမ္မတ လာဘ်ငွေယူခဲ့သည်ဟု ရှေ့နေချုပ်က စွဲချက်တင်လွှာတင်သွင်း

ဘရာစီလီယာ ဇွန် ၂၇
ဘရာဇီးသမ္မတမိုက်ကယ်တီးမား(**အပေါ်ပုံ**)အား ဒေါ်လာငွေသန်းပေါင်းများစွာ လာဘ်ငွေယူမှုဖြင့် နိုင်ငံတော်၏ထိပ်တန်း ဖက်ဒရယ်အစိုးရရှေ့နေတစ်ဦးက စွဲချက်တင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်တင်အမေရိကဒေသရှိ အကြီးဆုံးနိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံ၌ လူထုအတွင်းရေပန်းစားမှုမရှိသော ခေါင်းဆောင်တစ်ဦးအဖြစ် ရှုမြင်ကြသော သမ္မတတီးမားကို စွဲချက်တင်လိုက်ခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားစေနိုင်သည်ဟု သတင်းတွင် ဖော်ပြသည်။

ရှေ့နေချုပ်ရိုဒရစ်ဝိုဂျာနေ့က သမ္မတတီးမားအား စွဲချက်တင်သည့်စာလွှာစာတမ်းကို တရားရုံးချုပ်ထံသို့ ဇွန် ၂၆ ရက်တွင် တင်သွင်းခဲ့သည်။ သမ္မတတီးမားသည် ပြည်သူများအားအရှုံးလုပ်ခဲ့ကြောင်း၊ လာဘ်ငွေရယူခဲ့ခြင်းအတွက် သူ့အနေဖြင့် လျော်ကြေးအဖြစ် နိုင်ငံတော်သို့ ဒေါ်လာသန်းပေါင်းများစွာ ပေးဆောင်ရန် တာဝန်ကျရောက်စေနိုင်ကြောင်း ရှေ့နေချုပ် ဂျာနေ့က ပြောကြားသည်။

ဘရာဇီးနိုင်ငံ၏ ဥပဒေအရ ကွန်ဂရက်ရှိ အောက်လွှတ်တော်သည် သမ္မတကို တရားရုံးချုပ်က တရားစီရင်စစ်ဆေးနိုင်ရန် ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ မဲပေးဆုံးဖြတ်ရမည်ဖြစ်သည်။

ကွန်ဂရက်လွှတ်တော်၌ စွပ်စွဲပြစ်တင်ခံခဲ့ရပြီးနောက် သမ္မတရာထူးမှ ဆင်းပေးခဲ့ရသော ဒိုင်မာရူးဆော့ဖ်၏ နေရာ၌ လွန်ခဲ့သည့် တစ်နှစ်ကျော်က အစားထိုးဝင်ရောက်ခဲ့သူ တီးမားသည် ကွန်ဆာဗေးတစ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။

သမ္မတကို ရုံးတင်စစ်ဆေးမှု ပြုလုပ်နိုင်ရေးအတွက် အောက်လွှတ်တော်၌ အမတ်ဦးရေ၏ သုံးပုံနှစ်ပုံကျော်က ထောက်ခံမဲပေးရန် လိုအပ်ပြီး သမ္မတတီးမား၏ ညွှန့်ပေါင်းအဖွဲ့က ထောက်ခံမဲအများစု မရနိုင်အောင် ပိတ်ဆို့တားဆီးနိုင်ဖွယ်ရှိကြောင်း အဆိုပါ ညွှန့်ပေါင်းအဖွဲ့မှ အမတ်အချို့က ယူဆကြသည်။

သမ္မတအပေါ် စွဲချက်တင်လွှာ တင်သွင်းမှုနှင့်ပတ်သက်၍ သမ္မတရုံးကရော၊ သမ္မတ၏ ရှေ့နေအန်သော်ရှူးယိုမာရစ်တို့က မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။

ရိုက်တာ။

ဟားမားစ်အဖွဲ့၏ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို အစ္စရေးလေတပ်က စီးနင်းတိုက်ခိုက်

ဂျေရူဆလင် ဇွန် ၂၇
ပါလက်စတိုင်း ဟားမားစ်အဖွဲ့က သိမ်းပိုက်ထားသော ဂါဇာမှနေ၍ အစ္စရေးနိုင်ငံတောင်ပိုင်းဒေသသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်ကို တုံ့ပြန်သည့် အနေဖြင့် အစ္စရေးဂျက်တိုက်လေယာဉ်များက ဂါဇာဒေသရှိ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို ဇွန် ၂၇ ရက် နံနက်အစောပိုင်းတွင် စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

-- ပေါက်ကွဲ --

အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ပြီးနောက် ဂါဇာကမ်းမြောင်ဒေသ၏ မြောက်ပိုင်းနှင့် တောင်ပိုင်းအရပ်တို့တွင် ပေါက်ကွဲမှု များစွာဖြစ်ပေါ်ခဲ့ရသည်။ သို့ရာတွင် ထိခိုက်သေဆုံးမှုနှင့် ပတ်သက်၍ လောလောဆယ် မသိရသေးပေ။

တိုက်ခိုက်ခံရသည့် နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ အလျင်အမြန် သွားရောက်နေပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေး ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

-- ကျရောက် --

ဂါဇာဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ဇွန် ၂၅ ရက် ညနေပိုင်းက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် လက်နက်ကြီးကျည်ဆန်သည် လူသူမရှိသည့်နေရာသို့ ကျရောက်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူမရှိကြောင်း အစ္စရေး အသံလွှင့်ဌာနက သတင်းထုတ်လွှင့်သည်။

ဆင်ဟွာ။

စစ်သွေးကြွများနှင့် မစေ့စပ်ရေးမူဝါဒ ဖိလစ်ပိုင်အစိုးရအဖွဲ့ ကိုင်စွဲထားဟုဆို

မနီလာ ဇွန် ၂၇
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မာရာဝီမြို့ကို ယခုနှစ်မေလအတွင်းက သိမ်းယူခဲ့သည့် အိုင်အက်စ်အဖွဲ့၏ မဟာမိတ် ဖြစ်သော အစွန်းရောက် စစ်သွေးကြွများနှင့် စေ့စပ်ဆွေးနွေးခြင်းမပြုရေး မူဝါဒကို ဖိလစ်ပိုင်အစိုးရကကိုင်စွဲထားကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

မွတ်စလင်ဘာသာဝင်တို့ ဘာသာရေးအရ အထွတ်အမြတ်ထားသော ရာမာဒန် ဥပုသ်လကုန်ဆုံးသောနေ့တွင် ချစ်ကြည်ရေးပြယုဂ်အဖြစ် မာရာဝီမြို့၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည့် လူပေါင်း ၁၅၀ ခန့်ကို ပြန်လည် လွှတ်ပေးနိုင်ရေးအတွက် ဆွေးနွေးပွဲပြုလုပ်ရန် ဘာသာရေးခေါင်းဆောင်များက အစပျိုးဆောင်ရွက်ခဲ့ကြသော်လည်း အစိုးရအဖွဲ့၊ တပ်မတော်နှင့် နိုင်ငံရေးခေါင်းဆောင်များက ဆွေးနွေးပွဲကျင်းပမှုကို တရားဝင်ခွင့်ပြုပေးခြင်း မရှိပေ။

ဖိလစ်ပိုင် အစိုးရအနေဖြင့် အကြမ်းဖက်သမားများနှင့် ညှိနှိုင်းဆွေးနွေးခြင်းမပြုဟူသော မူဝါဒကို ချမှတ်ကိုင်စွဲထားကြောင်း မာလာကန်နန်သမ္မတ အိမ်တော်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောခွင့်ရပုဂ္ဂိုလ် အာဘယ်လာက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ တစ်မြို့တည်းသော မွတ်စလင် မြို့ကြီးမာရာဝီ၌ ပြည်သူတို့ ကသောင်းကနင်းဖြစ်အောင် လုပ်ဆောင်ကြသည့် စစ်သွေးကြွများကို အရေးယူအပြစ်ပေးရန်လိုအပ်ကြောင်း၊ ယင်းမြို့၌ တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူ ၂၀၀၀၀၀ ကျော်မှာ နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးခဲ့ကြရကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဆင်ဟွာ။

မိုဆူးမြို့ဟောင်းရှိ အရပ်ဒေသတစ်ခုကို အီရတ်တပ်ဖွဲ့များ လွတ်မြောက်စေခဲ့

မိုဆူး ဇွန် ၂၇
အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွများလက်တွင်းသို့ ကျရောက်နေသည့် လူနေထူထပ်သော မိုဆူးမြို့ဟောင်း၌ အီရတ်အစိုးရတပ်ဖွဲ့များနှင့် အိုင်အက်စ်စစ်သွေးကြွများအကြား ဇွန် ၂၅ ရက်က တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မိုဆူးမြို့ဟောင်းရှိ လူနေရပ်ကွက်တစ်ခုကို အစိုးရတပ်ဖွဲ့များက အိုင်အက်စ်တို့ လက်တွင်းမှလွတ်မြောက်အောင်ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း အီရတ်စစ်ဘက်က ဇွန် ၂၇ ရက်၌ ပြောကြားသည်။

-- လွတ်မြောက်စေ --

မိုဆူးမြို့ အနောက်ပိုင်း၌ တည်ရှိသော မြို့ဟောင်း၏ အယ်ဒ်-ဖာကွဇ်အလပ်ကူလာ အမည်ရှိ အရပ်ဒေသကို အီရတ် အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့ (စီတီအက်စ်) တပ်ဖွဲ့များက ပြန်လည်လွတ်မြောက်စေခဲ့ကြောင်း၊ ယင်းအရပ်သည် တိုက်ဂရစ်မြစ်၏ လက်ယာဘက် မြစ်ကမ်းပေါ်တည်ရှိကြောင်း၊ အီရတ်တပ်ဖွဲ့များက အိုက်အက်စ်စစ်သွေးကြွများကို ချေမှုန်းခဲ့ပြီးနောက် အဆောက်အအုံအချို့၌ နိုင်ငံတော်အလံများကိုလွှင့်ထူခဲ့ကြောင်း အီရတ်ပူးတွဲ စစ်ဆင်ရေးလုပ်ငန်းများ ဌာနချုပ် (ဂျေအိုစီ)မှ အဗူဒယ် အေမီဟာ ရာဟာကာ့ရ်က ပြောကြားသည်။

အီရတ်အစိုးရတပ်ဖွဲ့များက မိုဆူးမြို့ဟောင်း၏ အနောက်မြောက်ဘက်ပိုင်းဒေသများကို ပြန်လည်လွတ်မြောက်အောင် လုပ်ဆောင်ပေးနိုင်ခဲ့ပြီးနောက် ယင်းအရပ်ဒေသနှင့် ထိစပ်နေသော အယ်လ်မာဇာဒါအရပ်၌ အိုင်အက်စ်စစ်သွေးကြွများနှင့် လမ်းပေါ်တွင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

မြို့ဟောင်း၌ အရပ်သား ၁၀၀၀၀၀ ခန့် ပိတ်မိနေဆဲဖြစ်သည်ဟု ကုလသမဂ္ဂ၏ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆင်ဟွာ။

လွတ်တော်ရေးရာ

❒ ရှေ့ဖုံးမှ

ဒကွိုဏာသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံကိန်းအကောင်အထည်မဖော်နိုင်သောမြေများကို ပြန်လည်သိမ်းဆည်းကာ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးအတွက် ခိုင်မာတိကျသော မူဝါဒရေးဆွဲအကောင်အထည်ဖော်ရန်နှင့် ကျေးရွာသစ်များနှင့် ရပ်ကွက်သစ်များဖော်ထုတ်၍ နေရာချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းအား ပြန်လည်ဖြေကြားရာတွင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ဖော်ထုတ်ထားခြင်းမရှိသည့်မြေများအား အနာဂတ်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ အရန်မြေများအဖြစ် သတ်မှတ်ထားရှိပါကြောင်း၊ ဝန်ထမ်းအိမ်ရာလိုအပ်ချက်ဖြည့်ဆည်းပေးရန် ဌာနဆိုင်ရာများက မြေနေရာလိုအပ်ချက်တောင်းခံလာပါက စိစစ်ချထားပေးခဲ့ပါကြောင်း။

နေပြည်တော်စည်ပင်ယာရေးကော်မတီက ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၁၆ ဘီလီယံခန့် အသုံးပြု၍ ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့အငြိမ်းစားဝန်ထမ်းများအတွက် အိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်းအဌားအိမ်ရာများလည်း ဆက်လက်ဆောက်လုပ်ရန် အကောင်အထည်ဖော်နေသည့် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ၎င်းကအဆင့်မြင့်ပညာရေးများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသင်ကြားနိုင်သည့်အခွင့်အလမ်းများ၊ နိုင်ငံတကာအဆင့်မီ ပညာရေးအဆောက်အအုံများ တည်ရှိရာဗဟိုချက်အဖြစ် ဖြည့်ဆည်းဖော်ထုတ်ရန်၊ အိမ်နီးချင်းနိုင်ငံများနှင့်ချိတ်ဆက်ပေးနိုင်သည့် ဗဟိုလေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ မြို့တော်အဖြစ်ဖော်ထုတ်ရန်၊ ရာသီဥတုပြောင်းလဲမှု ဒဏ်ခံနိုင်ရည်အားဖြည့်ဆည်းထားသည့် မြို့တော်အဖြစ်ဖော်ထုတ်ရန် စသည့်အခြေခံမူများအပေါ်မူတည်ပြီး နေပြည်တော်ကိုတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် မဂ်လာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၏ **သားသတ်လုပ်ငန်းလိုင်စင်များနှင့် သားငါးရောင်းချခွင့်လိုင်စင်များသည် ဒေသတစ်ခုအတွက် လိုင်စင်(၁)ခုသာခွင့်ပြုသောကြောင့် လေလံရရှိသူက လက်ဝါးကြီးအုပ်ကာ အသားစျေးကွက်အား ချုပ်ကိုင်လွှမ်းမိုးခွင့်ရရှိနေပါသဖြင့် သားငါးစျေးနှုန်းကျဆင်းရေးအတွက် လေလံကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့် အစီအမံများအား သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ နှစ်စဉ်သားသတ်လုပ်ငန်းလိုင်စင်များအား စျေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပေးခဲ့ပါကြောင်း၊ ဝင်ငွေပိုမိုရရှိခဲ့သော်လည်း စျေးအများဆုံးပေးသူကို လေလံချထားပေးခြင်းကြောင့် အသားစျေးကွက်ကို တစ်ဦးတစ်ယောက်တည်းကသာ ချုပ်ကိုင်လုပ်ပိုင်ခွင့် ခွင့်ပြုသည့်အခြေအနေဖြစ်ပေါ်ခဲ့ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ သားသတ်လုပ်ငန်းလုပ်ကိုင်ခွင့်ကို

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း

ဒကွိုဏာသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း

စျေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းမပြုတော့ပါကြောင်း၊ မြို့အနေအထား၊ စျေးအနေအထားအလိုက် စားသုံးသူတို့ လိုအပ်ချက်အရ စျေးတစ်စျေးတွင် အသားတစ်မျိုးမျိုးအတွက် သားသတ်လုပ်ငန်းလိုင်စင်တစ်ခုသာ ခွင့်ပြုမည့်အစား သားသတ်လုပ်ငန်းလိုင်စင်လုပ်ကိုင်လိုသူဦးရေ ကန့်သတ်မထားဘဲ နာမည်ပျက်စာရင်းမရှိသူ၊ ပြစ်မှုကင်းရှင်းသူ၊ သတ်မှတ်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူကိုမဆို ဘဏ္ဍာနှစ်တစ်နှစ်အတွက် သတ်မှတ်ကြမ်းခင်းစျေးအား အညီအမျှခွဲဝေ၍ လိုင်စင်ဝယ်ယူသူ အရေအတွက်အလိုက် တိုက်ရိုက်ရောင်းချဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ကွပ်ကဲမှုအောက်ရှိ မြို့နယ်အသီးသီးတွင် နှစ်စဉ်သားသတ်လုပ်ငန်းလိုင်စင်များအား စျေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခြင်းမပြုဘဲ သားသတ်လုပ်ငန်းလုပ်ကိုင်လိုသူများမှ အချိုးကျပေးသွင်းစေပြီး လုပ်ကိုင်ခွင့်ပြုသည့်စနစ်ကို ပြောင်းလဲအသုံးပြုလျက်ရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ သားသတ်လုပ်ငန်းများကို အချိုးကျခွဲဝေလုပ်ကိုင်ခဲ့သည့် စနစ်မှာ ဝင်ငွေလျော့နည်းလာခြင်း၊ ခွဲဝေလုပ်ကိုင်သူများမှလည်း ယခင်သားသတ်လုပ်ငန်းလုပ်ကိုင်သူများ၏ ဆွေမျိုးသားချင်းများသာ လုပ်ကိုင်ကြခြင်းကြောင့် ယှဉ်ပြိုင်ရောင်းချမှုမရှိခြင်း၊ လုပ်ကိုင်သူများပြားလာသည့်အတွက် သားကောင်အရေအတွက် ပိုမိုသတ်ဖြတ်လာသောကြောင့် စစ်ဆေးကြပ်မတ်မှု ပိုမိုဆောင်ရွက်ရခြင်း၊ အရေးယူမှုပိုမိုပြုလုပ်ရခြင်းစသည့် အားနည်းချက်များ ဖြစ်ပေါ်လာပါသဖြင့် သားသတ်လုပ်ငန်းလိုင်စင်များကို လေလံစနစ်ဖြင့် လေလံတင်ရောင်းချခဲ့ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြို့နယ်ခန်းမအား မည်သည့်အတွက်ကြောင့် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုအား ငှားရမ်းခဲ့ပါသနည်း။ မည်သည့်ဈေးနှုန်းဖြင့်ငှားရမ်းခဲ့ပါသနည်း။ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်အခမ်းအနားများ၊ ပညာပေးပြခန်းများနှင့် အများပြည်သူနှင့်သက်ဆိုင်သော တွေ့ဆုံပွဲများ ပြုလုပ်နိုင်ရန် မြို့နယ်ခန်းမအား ပြန်လည်တောင်းယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက Forever Group Co.,Ltd. မှ ၎င်းတို့အနေဖြင့် ပြည်သူ့အကျိုးပြုရုပ်သံလိုင်းများနှင့် ဆက်စပ်ရိုက်ကူးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ခန်းမ နေရာနှင့် ခန်းမတည်ရှိရာဝန်းအား ငှားရမ်းခွင့်ပြုရန် အဆိုပြုတင်ပြခဲ့သည့်အတွက် ခွင့်ပြုခဲ့ပါကြောင်း။

၎င်းတို့အစီအစဉ်ဖြင့် ခန်းမကြီးအား မူလပုံသဏ္ဌာန်မပျက် ပြုပြင်ပြီး အဆင့်မီရိုက်ကူးရေးလုပ်ငန်းများအတွက် စတူဒီယိုတည်ဆောက်ရန်နှင့် ဒေသဆိုင်ရာ၊ ဌာနဆိုင်ရာ အခမ်းအနားများကိုလည်း တစ်လ(၂)ကြိမ် အခမဲ့ဆောင်ရွက်ခွင့်ပြုရန်လည်း သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ ငှားရမ်းရာတွင်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ တစ်ဆက်တည်း ငါးနှစ်ကို နှစ်စဉ်သက်တမ်းတိုးစာချုပ်စနစ်ဖြင့် ကနဦးနှစ်အတွက် တစ်လလျှင်ငှားရမ်းခ ကျပ်သိန်း ၅၀၊ နောင်နှစ်များအတွက်ငှားရမ်းခအား ငါးရာခိုင်နှုန်းတိုးမြင့်ပေးရန် သဘောတူ ငှားရမ်းထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဥာဏ်ဟိန်း၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်ပေးရေး၊ ရွေးဟောင်းဘုရားဆင်းတုတော်များ စာရင်းကောက်ယူရေး၊ ဝါခရူမြို့ဟောင်းအား ထိန်းသိမ်းစောင့်ရှောက်ပေးရေး၊ သိမ်းဆည်းခံလယ်မြေများ နစ်နာကြေးရရှိရေး၊ ဆန်နှင့်စက်သုံးဆီ အမျိုးမျိုး လွတ်လပ်စွာသယ်ယူခွင့်ပြုရေး၊ မြို့နယ်တိုင်းတွင် သားသတ်ရုံများကို စနစ်တကျ ဆောက်လုပ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း အလုပ်သမား၊ လူပင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းတို့က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေး၌ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ "ပြည်သူ့ငွေစာရင်းကိုင်များပျက်ကွက်မှု အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း"အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)

◎ စရိတ်မျှပေးမှ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် အခမဲ့(FOC)စနစ်ဖြင့် မည်သို့သော ဝန်ဆောင်မှုများ ပြုလုပ်ပေးနေသည်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆေးရုံများသို့ ထောက်ပံ့နေသော ဆေးဝါးများအတွက် နှစ်စဉ်ဘတ်ဂျက် မည်မျှသုံးစွဲ၍ မည်သို့ဖြန့်ဝေပေးနေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူလူထုစိုက်ထုတ်ကုန်ကျနေသည့် စရိတ်များ ကျဆင်းရေးအတွက် National Health Insurance System အကောင်အထည်ဖော်နိုင်ခြင်းမရှိမီ Short Term Solution အနေဖြင့် စရိတ်မျှပေးကျန်းမာရေးစနစ်ဖြင့် ဆေးဝါးများ ဝယ်ယူရောင်းချထောက်ပံ့ခြင်းအား အခမဲ့ထောက်ပံ့ပေးခြင်းဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့ပါကြောင်း၊ အချို့သော ဘဏ္ဍာနှစ်များတွင် တိုးမြင့်ရရှိသည့် ရန်ပုံငွေအရ ကင်ဆာဆေးဝါးများ အခမဲ့ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

မြွေဆိပ်ဖြေဆေးအား စက်မှုဝန်ကြီးဌာနမှ ဝယ်ယူထောက်ပံ့ပြီး အခြားကာကွယ်ဆေးများကို သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဌာနမှ တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဖြင့် ချိတ်ဆက်ပြီး ပြည်သူ့ဆေးရုံများတွင် ကာကွယ်ဆေးအခမဲ့ရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲစမ်းသပ်ချက်များသည်လည်း ပြည်သူ့ဆေးရုံများမှ ရရှိသော ရန်ပုံငွေပမာဏနှင့် ဆေးရုံရှိ ဓာတ်ခွဲခန်းအမျိုးအစားအပေါ်မူတည်၍ ပြည်သူလူထုအား အချို့သောဓာတ်ခွဲစမ်းသပ်မှုများအား အခမဲ့ပြုလုပ်ပေးခြင်းနှင့် အဆင့်မြင့်ဓာတ်ခွဲစမ်းသပ်မှုများအား စရိတ်မျှပေးကျန်းမာရေး စနစ်အသွင်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁) ရေးဆွဲခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နိုင်ငံသားများအတွက် အခြေခံကျသည့်မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ငွေကြေးကုန်ကျမှု နည်းပါးစွာဖြင့် နေရာမရွှေ့၊ ဒေသမရွှေ့ ဝန်ဆောင်မှုပေးနိုင်ရန် ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **'၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ရှိ လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင်ပြုပြင်ပေးပြီး မိုးလုံလေလုံ အားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဟိုပန်မြို့ အားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်

-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှ ငွေကျပ် ၂၁ ဒသမ ၅၇၄ သန်းဖြင့်လည်းကောင်း၊ အားကစားကွင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှ ငွေကျပ် ၁၆ ဒသမ ၈၉၀ သန်းဖြင့်လည်းကောင်း၊ အားကစားကွင်း မြေထိုးမြေညှိပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှ ငွေကျပ် ၅၄ သန်းတို့ဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိုးလုံလေလုံ အားကစားကွင်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေစာရင်းတွင် ဦးစားပေးအဆင့်အလိုက် ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ **မြန်မာနိုင်ငံဒေသအနှံ့အပြား တောင်ပေါ်မြေပြန့်ရှိ အသုံးချသဘာဝသယံဇာတ အပင်နှင့်ဆေးပစ္စည်းတို့အား စနစ်တကျ စိုက်ပျိုးထုတ်လုပ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ပပို့ကုန်များအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာ

မြင့်ထွေးက နိုင်ငံအတွင်း စိုက်ပျိုးထွက်ရှိသော နနွင်းတက်၊ ကွမ်းစားဂမုန်း၊ စံကားပန်းပွင့်ခြောက်၊ ဖန်ခါးသီးခြောက်၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ နေလဲစေ့၊ ခပေါင်းစေ့၊ စမုန်နက်၊ တောချင်း၊ ရွှေးရွက်၊ နနွင်းခေါင်း၊ မာလာဥ၊ တောဂျူးမြစ်၊ ဆေးမြင်းခွာ၊ ချဉ်ပေါင်ဖာလာ အစရှိသော ပရဆေးများကို ပြည်ပပို့ကုန်အဖြစ် ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့ရန် ပို့ကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။

ပရဆေးပြည်ပတင်ပို့မှုအနေဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂၆၁၁ ဒသမ ၃၅၄ တန် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၆၀ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄၉၁၈ ဒသမ ၈၈၁ တန် အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၀၉ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၁၁၅၉ ဒသမ ၇၀၃ တန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၉၅ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ **မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာဝင်းမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဋ္ဌမပုံမှန် အစည်းအဝေး(၂၂) ရက်မြောက်နေ့ကို ဇွန် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

သူရဇော်၊ မွှေးကြူဇင် (သတင်းစဉ်)

လေ့ကားတစ်ထစ်မှာ ခဏတာရပ်နားခြင်းရယ်ပါ

အန်ကယ်ပညာ

မင်္ဂလာပါသားတို့ သမီးတို့ရေ

အစကတော့ ဒီစာကိုမရေးတော့ဘူးလို့ပါပဲ။ အခုတော့လည်း ပြောပြချင်တာလေးတွေရှိလာလို့ ရေးဖြစ်ပြန်တယ်ဆိုပါတော့ကွယ်။ အန်ကယ့်အနေနဲ့ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမတိုင်ခင်မှာ ကလေးတို့အတွက် စာလေးနှစ်စောင်ရေးခဲ့ဖူးပါတယ်။ တစ်စောင်ကတော့ စာမေးပွဲမတိုင်ခင် သုံးလအလို ၁၉-၁၂-၂၀၁၆ ရက်နေ့မှာ "ဆုတောင်းရခြင်း ကင်းကြပါစေ" ဆိုတဲ့ခေါင်းစဉ်နဲ့တစ်စောင်၊ စာမေးပွဲဖြေဖို့ရက်ပိုင်းသာ လိုတော့တဲ့ ၁၇-၂-၂၀၁၇ ရက်နေ့မှာ "ရဲ့ခံ့စွန့်စား စစ်သူကြီးအလား မားမားရင်ဆိုင်အောင်နိုင်ကြစေ"ဆိုတဲ့ခေါင်းစဉ်နဲ့တစ်စောင် ကြေးမုံသတင်းစာက ဖော်ပြပေးခဲ့တာပါ။

ဒါကလည်း အန်ကယ်ကိုယ်တိုင် တွေ့ကြုံခဲ့ပြီးတဲ့ အတွေ့အကြုံတွေရယ်၊ ကျောင်းသားမိဘတစ်ယောက်အနေနဲ့ရယ်၊ စာမေးပွဲအတွက် ဘယ်လိုပြင်ဆင်ရမယ်၊ ဘယ်လိုဖြေဆိုရမယ်ဆိုတာတွေကို ကြိုတင်အသိပေးခဲ့၊ သတိပေးခဲ့ခြင်းသာဖြစ်ပါတယ်။ ဒါနဲ့ ပြီးရောလားဆိုတော့ မဟုတ်ပါဘူး။ ၁၇-၆-၂၀၁၇ ရက်နေ့မှာ အောင်စာရင်းတွေ ထွက်တော့လည်း အန်ကယ့်မှာ ဖြေဆိုထားတဲ့ သားသမီးမရှိပါဘဲနဲ့ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ သားသမီးတွေရဲ့ အောင်မြင်မှုသတင်းကောင်းတွေကို စောင့်မျှော်နားစွင့်နေခဲ့ပါသေးတယ်။ အောင်မြင်သူတွေအတွက် ထပ်လောင်းဝမ်းမြောက်ရသလို မအောင်မြင်သေးတဲ့သူတွေကိုလည်း အားပေးနှစ်သိမ့်ပေးခဲ့ပါတယ်။

နိုင်ငံပိုင်သတင်းစာတွေမှာ ထုတ်ပြန်ဖော်ပြပေးချက်အရ ပြောရရင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ ၇၁၆၁၈၈ ဦးရှိခဲ့ပြီး အောင်မြင်သူ ၂၄၂၃၃၆ ဦးရှိခဲ့ပါတယ်။ အောင်ချက်ရာခိုင်နှုန်းနဲ့ပြောရရင် ၃၃ ဒသမ ၈၉ ရာခိုင်နှုန်း အောင်မြင်ခဲ့တာပါ။ ဒါကိုမြင်သာအောင် ပြောင်းပြန်ပြောရမယ်ဆိုရင် မအောင်မြင်သူ ၄၇၃၄၅၅ ဦးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၁၁ ရာခိုင်နှုန်း အောင်မြင်မှုမရှိကြောင်း တွေ့ရပါတယ်။ အန်ကယ်အဓိက ပြောလိုတာက အခုပြောင်းပြန်တွက်ထားတဲ့ ကိန်းဂဏန်းတွေနဲ့ သက်ဆိုင်သူတွေပဲ ဖြစ်ပါတယ်။

အောင်စာရင်းထွက်ပြီး နောက်တစ်နေ့မှာပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထူးချွန်စွာအောင်မြင်ခဲ့ကြတဲ့ ကျောင်းသား ကျောင်းသူ ၁၀ ဦးရဲ့ ကြိုးစားအားထုတ်ခဲ့ပုံတွေ၊ ရည်မှန်းချက်တွေကို နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြခဲ့တာကို ဖတ်လိုက်ရပါတယ်။ ဒါကလည်း ဒီလိုထူးထူးချွန်ချွန်အောင်မြင်ခဲ့တဲ့သူတွေကို ချီးမြှင့်ဂုဏ်ပြုပေးတာဖြစ်သလို အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေက အားကျအတုယူကြိုးစားကြရင်း နိုင်ငံနှင့် အဝှမ်း ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ပေါ်ထွက်လာစေဖို့ ရည်ရွယ်တာဖြစ်လို့ မင်္ဂလာရှိတဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်းအသီးသီးနဲ့ နေရာအတော်များများမှာ ထူးချွန်စွာအောင်မြင်ခဲ့ကြသူတွေအတွက် ဆုချီးမြှင့်ပွဲတွေ ကျင်းပပေးကြတာကို တွေ့နေကြရပါပြီ။ ကိုယ်နဲ့အတူ ဖြေဆိုခဲ့ကြတဲ့ သူငယ်ချင်းတွေရဲ့ အောင်မြင်မှုတွေကို ဂုဏ်ပြုပေးကြတာဖြစ်လို့ သူငယ်ချင်းတွေအတွက် ဝမ်းမြောက်ရမယ့်ကိစ္စလို့ ခံယူပေးကြစေလိုပါတယ်။ အောင်စာရင်းထွက်ပြီး ပထမသီတင်းပတ်အတွင်းမှာပဲ အမှတ်စာရင်းတွေ ထုတ်ယူလို့ရတာဖြစ်လို့ မိဘတွေကဖြစ်စေ၊ ဖြေဆိုခဲ့သူတွေဖြစ်စေ ရရှိတဲ့အမှတ်စာရင်းတွေကို လူမှုကွန်ရက်စာမျက်နှာတွေမှာ ဖော်ပြနေကြတာတွေ့ရပါတယ်။ အဲဒီလူမှုကွန်ရက်စာမျက်နှာမှာ ဖတ်ရှုမိတဲ့အကြောင်းအရာတွေကြောင့်ပဲ ဒီစာကိုရေးဖြစ်ခဲ့တယ်လို့ဆိုရမှာပါ။ ထုတ်ပြန်ပြီးဖြစ်တဲ့ အောင်စာရင်းမှာ အမည်စာရင်းပါခဲ့သူတွေအကြောင်းကို ဒီမှာပဲ ရပ်ထားလိုက်ပါ့မယ်။ အောင်စာရင်းမှာ အမည်မပါခဲ့သူတွေ အကြောင်းကိုပဲ ဆက်ရေးပါတော့မယ်။ ဒါဆိုရင် အပေါ်မှာ ရေးခဲ့ပြီးဖြစ်တဲ့ ပြောင်းပြန်တွက်ချက်ထားတဲ့ ကိန်းဂဏန်းတွေ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာ ဖတ်ရှုမိတဲ့အကြောင်းအရာတွေကို ပြန်ကောက်ပြီးပြောမှ ပြည့်စုံနိုင်မယ်ထင်ပါတယ်။ ဒါတွေကိုမပြောခင် ၂၀၁၇ ခုနှစ်အပါအဝင်ပြီးခဲ့တဲ့ငါးနှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုရာခိုင်နှုန်းတွေကို လေ့လာကြည့်တဲ့အခါမှာ နှစ်စဉ် ၃၀ ရာခိုင်နှုန်းဝန်းကျင်ပဲ တွေ့ရပါတယ်။ အဲဒီငါးနှစ်အတွင်း အောင်ချက်အကောင်းဆုံးဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာတော့ ၃၇ ဒသမ ၆၀ ရာခိုင်နှုန်း ဖြစ်ခဲ့ပါတယ်။ ပြောချင်တာက နှစ်စဉ်အောင်ချက်ရာခိုင်နှုန်း ၄၀ မကျော်ဘူးဆိုတာကို သိစေချင်တာပါ။

ဆက်ပြီးတော့ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းမှာ အမည်ပါတဲ့သူရာခိုင်နှုန်းက ၃၃ ဒသမ ၈၉ ဖြစ်ပြီး အမည်မပါခဲ့တဲ့ ရာခိုင်နှုန်းက ၆၆ ဒသမ ၁၁ ဖြစ်နေတာကို ကြည့်ရအောင်ပါ။ အောင်မြင်မှုရာခိုင်နှုန်းက နှစ်စဉ်ရရှိနေကျဖြစ်တဲ့ ရလဒ်အတိုင်း ၃၀ ရာခိုင်နှုန်းဝန်းကျင်မှာပဲ ရှိနေပါတယ်။ ဒါကိုကြည့်ရင် တက္ကသိုလ်ဝင်စာမေးပွဲဆိုတာ လူ ၁၀၀ ဖြေရင် ၃၀၊ လူ ၁၀ ယောက်ဖြေရင် သုံးယောက်ပဲ အောင်နိုင်ခြေရှိတယ်ဆိုတဲ့သဘောပါ။ ဒါဆိုရင် အောင်ဖို့လွယ်သလား၊ ခက်သလားဆိုတာကို အဖြေထုတ်နိုင်လောက်ပါပြီ။ ခက်တယ်လို့မပြောချင်ပေမယ့် လွယ်လွယ်လေးနဲ့တော့ မအောင်ဘူးဆိုတာကို ကိုယ်တိုင်အတွေ့အကြုံတွေအရ သင်ခန်းစာဖော်ထုတ်ပြီးဖြစ်ကြလိမ့်မယ်လို့ ထင်ပါတယ်။

လွယ်လွယ်လေးနဲ့ မအောင်နိုင်ဘူးဆိုတာကို ဘယ်သူတွေက ကြိုတင်သိနေခဲ့ကြပါသလဲ။ မိဘတွေနဲ့ဆရာတွေက သိနေခဲ့ကြပါတယ်။ ဒါကြောင့် ပညာသင်နှစ် မစတင်ခင်မှာကိုပဲ ကိုယ့်သားသမီးနှစ်ချင်း ပေါက်အောင်ဖို့၊ ထူးချွန်စွာအောင်ဖို့အတွက် မိဘတွေက ဘယ်လိုလှုပ်ရှား ရုန်းကန်ခဲ့ကြတယ်ဆိုတာ ပြန်တွေးကြည့်ကြစေလိုပါတယ်။ စာသင်နှစ် တစ်လျှောက်လုံးမှာလည်း မိဘတွေ၊ ဆရာတွေက ဘယ်လောက်ကြောင့်ကြခဲ့ကြတယ်ဆိုတာကို ပြန်လည်သတိရပေးကြစေလိုပါတယ်။ ထို့အတူပဲ တစ်နှစ်တာကာလအတွင်း သားတို့သမီးတို့ရဲ့အောင်မြင်မှုတွေကို စိတ်ကူးနဲ့ပဲဖော်ကြည့်ရင်း မျှော်လင့်ခြင်းအပြည့်နဲ့ ဘဝအမောတွေကို ဖြေသိမ့်ခဲ့ကြတာလည်း မိဘတွေပဲ ဖြစ်ကြပါတယ်။

ဒါကြောင့် သူတို့မောခဲ့ကြသလောက်၊ သူတို့မျှော်လင့်ခဲ့ကြသလောက် နှစ်သိမ့်မှုလေးမျှ ပြန်မရကြတဲ့အခါ သူတို့စိတ်မှာ ဒေါသစိတ်တွေအနည်းနဲ့အများ ဖုံးလွှမ်းသွားတတ်ကြပါတယ်။ အဲဒီအချိန်မှာ ထိန်းသိမ်းနိုင်စွမ်းအပေါ် မူတည်ပြီး ပေါက်ကွဲတတ်ကြတာလည်းရှိမှာပါ။ သူတို့ရဲ့စိတ်ထဲမှာ အခြားအောင်မြင်တဲ့သူတွေနဲ့ပါယှဉ်တွဲပြီး မြင်လာတယ်ဆို ပိုဆိုးတတ်တယ်ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ သူတို့ဟာ မိဘတွေဖြစ်နေတာကြောင့် လတ်တလောစိတ်ခံစားမှုကို ထိန်းသိမ်းဖို့ သတိလက်လွတ်ဖြစ်သွားတဲ့ သဘောမျှပါပဲ။ ဒီလိုဖြစ်လာခဲ့ရင်တောင် သားတို့ သမီးတို့ ဇွေမယူကြစေချင်ပါဘူး။ မိဘတွေရဲ့ရင်ထဲမှာ ဒေါသစိတ်ရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ မေတ္တာစိတ်တွေ ထုနဲ့ထည်နဲ့ ရှိနေကြပါတယ်။

ဒါကြောင့် ကိုယ့်ရဲ့ဆုံးရှုံးမှုလို့ မှတ်ယူထားတဲ့ အောင်စာရင်းမှာအမည်စာရင်းပါမလာလို့ စိတ်ညစ်နေတဲ့ စိတ်ခံစားချက်နဲ့ မိဘဆွေမျိုးသားချင်းတွေရဲ့ အခိုက်အတန့်ဖြစ်ပေါ်လာတဲ့ ဖိအားတွေ ပေါင်းစပ်သွားတဲ့အချိန်မှာ ဖြစ်ချင်ရာဖြစ်တော့ကွာဆိုပြီး အမှားမလုပ်မိကြဖို့ အထူးလိုအပ်ပါတယ်။ မိသားစုအတွင်းမှာကြုံတွေ့ရတဲ့ ဒီမုန်တိုင်းတွေ ဒီသောကတွေဟာ တကယ့်ကို အခိုက်အတန့်လေးဖြစ်ပါတယ်။ အချိန်တန်တော့လည်း ငြိမ်သက်သွားကြတာပါပဲ။ ဒါပေမယ့်လည်း ပြီးပြီးရောဆိုတဲ့ သဘောတော့မဖြစ်စေရဘူးပေါ့။ ဒါကိုသင်ခန်းစာယူရမယ်။ ခြေလှမ်းသစ်တွေအတွက် အားအင်တွေ ဖြစ်စေရမှာပါ။ အန်ကယ်ပြောသလို သားတို့ သမီးတို့အတွက် ခြေလှမ်းသစ်တွေ၊ အားအင်သစ်တွေ ဖြစ်နိုင်ပါ့မလား။

သင်ခန်းစာယူရမယ်လို့ ပြောခဲ့ပါတယ်။ အောင်စာရင်းမှာ ကိုယ့်အမည်ပါဖို့ဆိုတာ မိဘက လုပ်ပေးလို့မရပါဘူး။ ထို့အတူ သင်ပေးတဲ့ဆရာတွေကလည်း လုပ်မပေးနိုင်ပါဘူး။ သူတို့အနေနဲ့ သားတို့ သမီးတို့ကိုယ်တိုင် လုပ်နိုင်ဖို့ သက်ဆိုင်တဲ့အထောက်အပံ့ကိုပဲ ပေးနိုင်ကြတာပါ။ သားတို့ သမီးတို့ကိုယ်တိုင် လုပ်ယူနိုင်မှသာရမှာ ဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်သာ အဓိက ကိုယ်ကိုယ်တိုင်သာ အခရာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ကိုယ်တိုင်က ဘာတွေအားနည်းခဲ့တာလည်း၊ ဘာတွေချို့ယွင်းခဲ့တာလည်းဆိုတာကို အသေအချာသုံးသပ်ပြီး သင်ခန်းစာဖော်ထုတ်နိုင်ဖို့လို့ပါတယ်။

ဒီတစ်ပတ်ထဲမှာ အမှတ်စာရင်းတွေသိရလို့ လူမှုကွန်ရက်မှာတင်ထားတဲ့ထဲမှာ လေးဘာသာဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူးထွက်ပြီး တစ်ဘာသာကျလို့ ကျရှုံးရတာတွေ ဖတ်ရပါတယ်။ တကယ်တော့ ဒီလိုဖြစ်ရတာဟာ ဂုဏ်ထူးရ ဘာသာတွေအတွက် နှမြောဖို့ကောင်းလှပေမယ့် တစ်ဘာသာချင်းအတွက် အောင်မှတ်သတ်မှတ်ချက်ကို ပြည့်မီအောင်မဖြေဆိုနိုင်ခဲ့တာက စာမေးပွဲစည်းမျဉ်းအရ တရားမျှတမှု ရှိတယ်လို့ဆိုရမှာပါ။ ဒါကြောင့် ငါတော့ဒီဘာသာက လွဲပြီး ကျန်တဲ့ဘာသာအားလုံးအဆင်ပြေတယ်ဆိုပြီး ပျော်လို့မရပါဘူး။ အားနည်းတယ်ဆိုတဲ့ဘာသာကို အောင်မှတ်ရအောင်ပြင်ဆင်ထားနိုင်မှ ဒီနှစ်လို စိတ်ညစ်ခြင်းနဲ့ မကြုံတွေ့ရမှာပါ။

အခုဆိုရင် ဒီနှစ်အောင်စာရင်းမှာ အမည်စာရင်းမပါတဲ့သူတွေ စာသင်ခန်းတွေထဲ ပြန်ရောက်နေကြပါပြီ။ အခုလို စာသင်ခန်းတွေထဲကို ပြန်ရောက်နေတာကိုက ခြေလှမ်းသစ်ကို ဖွင့်လှစ်ပြီးဖြစ်နေတာပါပဲ။ လတ်တလောခံစားခဲ့ရတဲ့ မခံချင်စိတ်တွေက ဒီနှစ်ကတော့ ငါအတွက်နှစ်ပဲလို့ ကြိုးဝါးချင်လောက်အောင် အားအင်သစ်အဖြစ် ပြောင်းလဲသွားပြီလို့လည်း ယူဆပါတယ်။ သားတို့ သမီးတို့လက်ထဲမှာ အဲဒီခြေလှမ်းသစ်တွေ အားအင်သစ်တွေကို ထပ်မံအားဖြည့်ပေးမယ့် အခြားသော အထောက်အပံ့ကောင်းတွေကလည်း ရှိနှင့်နေပြီး ဖြစ်ပါတယ်။ ဒါတွေကတော့ တစ်နှစ်တာလုံး လေ့လာသင်ယူပြီး ဖြစ်တဲ့ ကျောင်းသင်ခန်းစာတွေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖူးတဲ့ အတွေ့အကြုံတွေပါပဲ။ ဒါတွေအားလုံးကို အောင်မြင်လိုစိတ်နဲ့ ပေါင်းလိုက်ပြီဆိုရင် ဒီနှစ်ဟာ ငါ့နှစ်လို့ သေချာပေါက်သာကြိုးဝါးနိုင်ပါ။ပြီ။

သားတို့ သမီးတို့ရေ စာသင်ခန်းတွေဆီ စိတ်သစ်လူသစ်နဲ့သာ သွားလိုက်ပါ။ သူငယ်ချင်းအသစ်တွေ စောင့်မျှော်နေကြပါတယ်။ သိကျွမ်းရင်းနှီးပြီးဖြစ်တဲ့ ဆရာတွေ ဆရာမတွေ ဆီးကြိုနေကြပါတယ်။ စာသင်ခန်းတွေက မစိမ်းကားကြသေးဘူးဆိုတာ သက်သေပြပေးပါလိမ့်မယ်။ ကျောင်းဆောင်လှေကားထစ်တွေကို ပျော်ရွှင်စွာပြေးတက်သွားလိုက်ပါ။ ကုန်လွန်ခဲ့တဲ့ တစ်နှစ်တာဟာ လှေကားတစ်ထစ်မှာ ခဏတာရပ်နားခြင်းနဲ့တူတယ်ဆိုတဲ့ အသိတရားကို ပေးစွမ်းပါလိမ့်မယ်။ ထိပ်ဆုံးအထိရောက်အောင်သာ မရပ်မနားတက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

သားတို့ သမီးတို့အားလုံး ကျန်းမာချမ်းသာကြပါစေ၊ ပညာတတ်ကြီးတွေ ဖြစ်ကြပါစေ။ ။

ဂျပန်အကူအညီဖြင့် နေ့စဉ်မြစ်ရေသန့်ဂါလန်ခြောက်သိန်းပေးဝေနိုင်မည့် စီမံကိန်းလုပ်ငန်း တည်ဆောက်ပြီးစီး

ဖျာပုံမြို့တွင် လက်ရှိ မြစ်ရေသန့်ဂါလန် သုံးသိန်းကျော် ပေးဝေလျက်ရှိ

ဖျာပုံ ဇွန် ၂၃

ဖျာပုံမြို့တွင် ရပ်ကွက် ၁၉ ခုရှိပြီး ရပ်ကွက်ပေါင်း ၁၃ ခုတို့မှ အိမ်ထောင်စုပေါင်း ၄၀၇၀၊ လူဦးရေ ၃၀၀၀၀ တို့ကို မြစ်ရေသန့်ရေဂါလန် နေ့စဉ် ခြောက်သိန်းပေးဝေနိုင်ရန် ဂျပန်အကူအညီဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက စီမံကိန်းလုပ်ငန်းစတင်ခဲ့ပြီး ယခုနှစ် မေ ၁၃ ရက်တွင် တည်ဆောက်မှုလုပ်ငန်းများပြီးစီး၍ ငွေကျပ်သိန်းပေါင်း ၂၅၀၀၀ ကျော် ကုန်ကျခဲ့ကြောင်း စည်ပင်ကော်မတီဝင် ဦးအေးအောင်၏ ပြောပြမှုအရသိရသည်။

သက်ရှိလူတိုင်းအတွက် ရေသည် သောက်သုံးရန်၊ စိုက်ပျိုးရန်နှင့် ကုန်ထုတ်လုပ်ငန်းတို့အတွက် မရှိမဖြစ်အဓိကလိုအပ်လျက်ရှိသည်။ ကမ္ဘာ့လူဦးရေသည် နှစ်စဉ်တိုးပွားနေပြီး ၂၀၅၀ ပြည့်နှစ်မှာ ကိုးဘီလီယံဖြစ်လာနိုင်ကြောင်း ပညာရှင်တို့က ခန့်မှန်းထားကြသည်။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ရေရှားပါးသည့်ဒေသများမှာ နေထိုင်ကြပြီး ၂၀ ရာခိုင်နှုန်းက ရေကောင်းရေသန့် မရနိုင်သူများဖြစ်ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ပိုင်ဆိုင်မှုသည် ကမ္ဘာ့အဆင့် ၁၄ တွင်ရှိနေပြီး အာရှဒေသများနှင့် နှိုင်းယှဉ်ပါက အဆင့်ငါးတွင်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် ရေကောင်းရေသန့်ရရှိရေး နည်းမျိုးစုံ စီမံဆောင်ရွက်လျက်ရှိနေကြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံမြို့သည် ပင်လယ်နှင့်နီးစပ်ပြီး မိုးရွာသွန်းမှုကောင်းသော်လည်း ရေကောင်းရေသန့်ရှားပါးလှသည်။ မိုးရေကို အဓိကထားသောက်သုံးရသည်။ မြေသားရေလှောင်ကန် ၆၄ ကန်ရှိသော်လည်း ပူပြင်းလှသည့်နွေရာသီတွင် သောက်သုံးရေ နှစ်စဉ် ခက်ခဲခဲ့သည်။ သုံးရေအတွက် ဖျာပုံမြစ်မှ ခွဲထွက်စီးဆင်းလာသည့် ချောင်းရေနှင့် မြောင်းရေတို့ကို လူအများစုသုံးစွဲနေရသည်။ ခေတ်အဆက်ဆက် တာဝန်ရှိသူတို့ မြေအောက်ရေရရှိရေး အဝိစီရေတွင်းများ နေရာများစွာတို့တွင် စမ်းသပ်တူးဖော်ခဲ့ကြသော်လည်း ရေကောင်း ရေသန့်မရရှိဘဲ ရေငန်များသာ ထွက်ရှိခဲ့သည်။

လက်ရှိမြစ်ရေသန့်ဖြန့်ဝေနိုင်မှုနှင့်ပတ်သက်၍ မြို့နယ်စည်ပင်တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်အား ဇွန် ၂၂ ရက်က တွေ့ဆုံမေးမြန်းရာတွင် ရေတိုင် ၄၅၀၀ သတ်မှတ်ထားရှိပြီး လက်ရှိရေတိုင် ၂၀၀၀ ကျော် တပ်ဆင်ထားရှိကြောင်း၊ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီတစ်ကြိမ် နေ့စဉ် ရေဂါလန်သုံးသိန်းကျော်ပေးဝေလျက်ရှိကြောင်း၊ ရေတိုင်များတွင် ရေမီတာများတပ်ဆင်ထားပြီး တစ်ယူနစ် ဂါလန် ၂၂၀ ကို ကျပ် ၄၀၀ စည်ပင်မှကောက်ခံကြောင်း၊ ကျန်ရှိနေသည့် ရေတိုင် ၂၀၀၀ကျော်မှာလည်း မိုးပါးသွားလျှင် ကုန်သွားမည်ဖြစ်ကြောင်းနှင့် အဓိကအခက်အခဲတစ်ခုအနေဖြင့် ဖျာပုံလျှပ်စစ်ဌာနမှ မီးအားမှာ ဗို့အားနည်းလွန်း၍ ဒီဇယ်ဆီတစ်နေ့ တစ်ပီပါသုံးစွဲ၍ အင်ဂျင်မောင်းပေးနေရကြောင်း ပြောပြသည်။

မြစ်ရေသန့်သုံးစွဲနေသူ ဖျာပုံမြို့ (၇) ရပ်ကွက်မှ ဒေါ်အုန်းမြင့်က ရေပိုက်မှလာသည့်ရေအားမှာ အားကောင်းပြီး အိမ်ထောင်စုတိုင်း လုံလောက်အောင်ရေရရှိလျက်ရှိကြောင်း၊ ပိုလျှံနေ၍ ရေပိုက်ခေါင်းကိုပင် ပိတ်ထားရကြောင်း၊ တစ်ယူနစ်ကျပ်လေးရာမှာ မများကြောင်း၊ ကန်ရေဝယ်ယူသုံးစွဲပါက ယခုထက်ငွေကြေးပိုမိုကုန်ကျနိုင်ကြောင်း၊ ရေပေးဝေချိန် အချိန်မှန်နေကြောင်း၊ မြစ်ရေသန့်သည် ကျန်းမာရေးအနေဖြင့်ကြည့်ပါက မြစ်ရေ၊ ကန်ရေနှင့် ချောင်းရေတို့ထက် အာမခံချက်ရှိကြောင်းနှင့် လျှော်ဖွပ်ဆေးကြောရုံတွင်မကဘဲ ချက်ပြုတ်နိုင်သည်အထိ အဆင့်ရှိကြောင်းတို့ကို ပြောသည်။

သန့်ရှင်းသည့်သုံးရေသန့်ကို နှစ်ရာချီမရခဲ့ကြသော မြို့ဖျာပုံ၊ တစ်ချိန်မှာ ယခုကဲ့သို့အဆင့်မီသည့် မြစ်ရေသန့်သုံးစွဲနိုင်ရန် မမျှော်မှန်းခဲ့သည့်ပြည်သူများ အိပ်မက်လေးဟုပင် တွေးထင်မှားလောက်ပါသည်။ ပြောမယုံ ကြုံဖူးမှသိ ဆိုသည့်အတိုင်း ဖျာပုံသူ ဖျာပုံသားတို့ သောက်သုံးရေအတွက် အနာဂတ်အရေးရင်လေးစရာမလိုတော့၍ တစ်ဦးချင်းစီ၏ ပိတိအပြုံးများကို အများသူငှာသိစေချင်ပါသည်။

အောင်ဝင်း(ဖျာပုံ)

၂၀၁၇ ခုနှစ် ပထမပြန်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၇ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ပါဠိပထမပြန်စာမေးပွဲတွင် သံယာတော်များနှင့်သာသနာ့နွယ်ဝင် သီလရှင်များ၊ လူပုဂ္ဂိုလ်များဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၁၁၆၂၃ ဦးအနက် ၄၄၅၈ ဦးအောင်မြင်၍ ၃၈ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၁၀၁၃၁ ဦးအနက် ၄၁၇၂ ဦး အောင်မြင်၍ ၄၁ ဒသမ ၁၈ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၄၈၂၅ ဦးအနက် ၆၃၄၂ ဦး အောင်မြင်၍ ၄၂ ဒသမ ၇၈ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၂၀၁၇ ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သံယာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ အနက် အတန်းအသီးသီး၌ နိုင်ငံတစ်ဝန်းလုံး ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်(ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

ပထမကြီးတန်း

(၁) ပထမ — ခုံအမှတ်-စက/၃၆၃၊ အရှင်ဥာဏိကာလင်္ကာရ
(ပထမကျော်ဘွဲ့ရ) — မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

(၂) ဒုတိယ — ခုံအမှတ်-ကွေး/၁၄၆၊ အရှင်နန္ဒမာလာ
ရတနာသိမ္ဘီကျောင်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။

(၃) တတိယ — ခုံအမှတ်-မြ/၉ ရှင်သြဒါတ(ပါဠိ)
တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

(၄) သီလရှင် ပထမ — ခုံအမှတ်-မှော်/၁၁၃၊ မဓမ္မပါလ
စန္ဒာရာမသီလရှင်စာသင်တိုက်၊မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပထမလတ်တန်း

(၁) ပထမ — ခုံအမှတ်-စိန်/၂၈၊ အရှင်ဥတ္တမာလင်္ကာရ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၂) ဒုတိယ — ခုံအမှတ်-တက/၇၉၊ ရှင်ဣန္ဒက
ဓမ္မသုခကျောင်း၊တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

(၃) တတိယ — ခုံအမှတ် -မုံ/၁၃၇၊ ရှင်စန္ဒိမာလင်္ကာရ
သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

(၄) သီလရှင် ပထမ — ခုံအမှတ်-စက/၄၆၆၊ မပညာဝတီ
ဗဟိုရ်စည်သင်္ဂီရတနာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

ပထမငယ်တန်း

(၁) ပထမ — ခုံအမှတ် ညတ/၂၇၊ ရှင်သိရိန္ဓရ
တောင်ညိုကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

(၂) ဒုတိယ — ခုံအမှတ်-မဟမ/၆၄၊ ရှင်အင်္ဂံရ
ဓမ္မဌာနကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေ၊ မန္တလေးတိုင်းဒေသကြီး။

(၃) တတိယ — ခုံအမှတ်-တက/၆၇၊ ရှင်သုဓမ္မ
တပ်ဦးဥတ္တရာရုံကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

(၄) သီလရှင် ပထမ — ခုံအမှတ်-ယန်း/၁၀၊ မတိက္ခဥာဏီ
ရွှေမောင်းသာသနဝေပုလ္လသီလရှင်ကျောင်း၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်။

၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့များ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာ စာဖြေဌာနရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်းကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ ဦးစားပေးဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့် ကြေညာချက်

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀/၂၀၁၆ ဖြင့် ပြဋ္ဌာန်းပေးခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ အတည်ပြုပေးခဲ့သည့်အတွက် ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လွယ်ကူမြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများအား အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများ တင်ပြကြရန် ဖိတ်ခေါ်အပ်ပါသည် -

(က) လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ။
(ခ) တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းနှင့် ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းများ။
(ဂ) ပို့ကုန်မြှင့်တင်နိုင်မည့် ကုန်ထုတ်လုပ်ငန်းများ။
(ဃ) သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ။
(င) လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍဆိုင်ရာလုပ်ငန်းများ။
(စ) ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ လုပ်ငန်းများ။
(ဆ) ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ။
(ဇ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။
(စျ) တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ။
(ည) စက်မှုမြို့တော်တည်ဆောက်မှု လုပ်ငန်းများ။

၃။ သို့ဖြစ်ပါ၍ အထက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်များ ပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၌ ၂၃-၆-၂၀၁၇ ရက်တွင် ဖောက်ထွင်းခိုးယူမှုခံရပြီး ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်တွင် ကပ်ပေးသည့် Hologram ရွှေရောင်များ ပျောက်ဆုံးသွားခဲ့ပါသည်-

(က) ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်
(၁) 1A3337828, 1A3337886 — ၂ ရွက်
(၂) 1A3338397 မှ 1A3338500 အထိ — ၁၀၄ ရွက်
(၃) 1A3373436 မှ 1A3373500 အထိ — ၆၅ ရွက်
(၄) 1A3375084 မှ 1A3375500 အထိ — ၄၁၇ ရွက်
စုစုပေါင်း — ၅၈၈ ရွက်

(ခ) Hologram ရွှေရောင် အနားတွန့်
(၁) V1716256, V1716314 — ၂ ခု
(၂) V1716826 မှ V1716929 အထိ — ၁၀၄ ခု
(၃) V1737021 မှ V1737085 အထိ — ၆၅ ခု
(၄) V1738669 မှ V1738685 အထိ — ၁၇ ခု
စုစုပေါင်း — ၁၈၈ ခု

၂။ အဆိုပါ ပျောက်ဆုံးသည့်ယာဉ်မှတ်ပုံတင်လက်မှတ်များနှင့် Hologram ရွှေရောင်များအား အသုံးပြုခြင်းမှ ပယ်ဖျက်ပြီး ဖျက်သိမ်းစာရင်းသွင်းပြီးဖြစ်ပါသည်။ သို့ပါ၍ မော်တော်ယာဉ်များတွင် သုံးစွဲ၍ မရတော့ပါ။

၃။ သို့ဖြစ်ပါ၍ မှတ်ပုံတင်မဲ့ယာဉ်များတွင် မမှန်မကန်သုံးစွဲပြီး ရောင်းချမှုအား ဝယ်ယူခြင်းများ မဖြစ်စေရန် မိမိတို့ဝယ်ယူမည့်ယာဉ်များတွင် ရောင်းချသူများပြသသည့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် နံပါတ်များနှင့် Hologram နံပါတ်များအား အပိုဒ်(၁)ပါ ကြေညာထားသည့် အမှတ်စဉ်များတွင် ပါဝင်ခြင်းရှိမရှိ စိစစ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။ ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့၏ မှတ်ပုံတင်ထားသည့်ယာဉ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ လုပ်ငန်းများဆောင်ရွက်ရန် ကိုယ်စားဆောင်ရွက်ပေးသူများမှ ပြန်လည်ပေးအပ်သည့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်နှင့် Hologram များတွင် အပိုဒ်(၁)ပါ နံပါတ်များ ပါရှိခြင်း ရှိ၊ မရှိ စိစစ်ပြီးမှ လက်ခံရယူရန် တိုက်တွန်းအပ်ပါသည်။

၄။ ခိုးယူခံရသည့် အမှတ်စဉ်ပါ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်နှင့် Hologram များအား တွေ့ရှိ၊ ရရှိခဲ့ပါလျှင် နီးစပ်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ရဲစခန်းများသို့ အသိပေးအပ်နှံကြပါရန် လေးစားစွာ မေတ္တာရပ်ခံနှိုးဆော်အပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မအူပင် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) အကူအညီဖြင့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ ရက်မွန်းလွဲ ၂ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အင်အား ၇၇ ဦး တက်ရောက်ကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank) အနေဖြင့် မြို့နယ်တွင်းရှိ လမ်းမိုင် ၃၀ ခန့် တည်ဆောက်ရန်လျာထားပြီး နည်းပညာအကူအညီပေးအပ်သွားမည်ဖြစ်ရာ ဆောင်ရွက်ရန်လိုအပ်သော ကျေးလက်လမ်းများအား ဦးစားပေးအဆင့်သတ်မှတ်ရေးအတွက် လိုအပ်သော အချက်အလက်များ ကောက်ယူရရှိရေး၊ ရှေ့ပြေးမြေပြင်အခြေအနေများ စစ်တမ်းမှန်ကန်စွာရရှိရေး၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်နိုင်ရေးနှင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သမ္ပေထွန်း)

ရောင်စုံမာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြုလုပ်ခဲ့သည့် ရောင်စုံမာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ဇွန် ၂၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆုရရှိသူများ

ရောင်စုံမာတ်ပုံပြိုင်ပွဲတွင် ပထမဆု ထွန်းပိုင်အောင် (နန်းရှေ့)၊ ဒုတိယဆု ကျော်စွာမျိုး(ယဉ်ကျေးမှု)၊ တတိယဆု ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)တို့က ရရှိကြသည်။ အထူးဆုများအဖြစ် ချမ်းသာ၊ ရဲကျော်သူနှင့် လှအောင် (Photo Garden) တို့က ဆုရရှိခဲ့ကြသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဒေါ်ချိုနွယ်ဌေးဝင်း(ရှင်းသန့်ချို)က "အဖြူရောင်ပုံပြင်" စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဦးသက်နောင်(ဖိုးသီ)က "ပုခက်လွှဲခွင့်မရခဲ့သောလက်"စာမူဖြင့်လည်းကောင်း၊ တတိယဆု ဒေါ်တင်ဥမ္မာအောင်(မြနှင်းဝေအောင်)က "အမေကျေနပ်နိုင်ပါစေ" စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဦးကျော်စိန်(ဟင်္သာတ-မိုးကျော်)က "ပန်းမုဆိုး" စာမူဖြင့်လည်းကောင်း၊ ဒေါ်သန္တာဝင်း(ရွှေပိုးဥ)က "အမှန်မထင်ပေမယ့် စံတင်လောက်ပါတယ်"စာမူဖြင့် လည်းကောင်း၊ ဦးနိုင်မိုး(ဝီတီ-ပေကြီး)က "မြန်မာပြည်ကို ချစ်တယ်" စာမူဖြင့် လည်းကောင်း ဆုရရှိခဲ့ကြသည်။

ဆုချီးမြှင့်

ဆုရရှိကြသူများအား ဇူလိုင် ၃ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်အောင်မြင်ဘုရားလမ်း ဒဏ္ဍီဏသီရိမြို့ နေပြည်တော် ဖုန်း-၀၆၇-၄၁၉၁၇၄၊ ၀၆၇-၄၁၉၁၈၉၊ ၀၆၇-၄၁၉၁၉၀၊ ၀၆၇-၄၁၉၁၉၁ တို့သို့ ဇွန် ၃၀ ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ဂျာမနီနိုင်ငံမှ ကူညီဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး



နေပြည်တော် ဇွန် ၂၇
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Christian-Ludwig Weber-Lortsch အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ-ဂျာမနီနှစ်နိုင်ငံ စစ်ရေးနှင့်မသက်ဆိုင်သည့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ဂျာမနီနိုင်ငံမှ ကူညီဆောင်ရွက်နေမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

တပ်မတော်စစ်ကြောင်းများက TNLA လက်နက်ကိုင်အဖွဲ့များ၏ လေ့ကျင့်ရေးပြုလုပ်သည့် စခန်းပုန်းနှင့် လက်နက်၊ ခဲယမ်းများ သိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၂၇
ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ နမ့်ဆန်မြို့နယ် မန်လန်းကျေးရွာအနီးတစ်ဝိုက် တောတွင်းတစ်နေရာ၌ TNLA လက်နက်ကိုင်အဖွဲ့က သင်တန်းများ ဖွင့်လှစ်သင်ကြားနေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက ယင်းနေရာတစ်ဝိုက်အား ဇွန် ၂၀ ရက်မှ စတင်၍ နယ်မြေရှင်းလင်းခဲ့ရာ ဇွန် ၂၁ ရက် နံနက် ၈ နာရီခန့်တွင် မန်လန်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်၌ လေ့ကျင့်ရေးပြုလုပ်သည့် စခန်းပုန်းတစ်ခုကို တွေ့ရှိရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆိုပါ စခန်းပုန်းနေရာ၌ အခြေခံအဆောက်အအုံများဖြစ်သည့် ပေ ၄၀ ပတ်လည်ခန့်ရှိ တန်းစီကွင်း၊ သင်တန်းခန်းမဆောင် တစ်ဆောင်၊ ယင်းခန်းမဆောင်အတွင်းမှ သုံးဦးထိုင် ခုံတန်းရှည် ၁၂ လုံး၊ အိပ်ဆောင်သုံးလုံး၊ ထမင်းချက်ဆောင် တစ်လုံးနှင့် ထမင်းစားဆောင် တစ်လုံး စုစုပေါင်းအဆောက်အအုံ ခြောက်လုံးနှင့် မီးစက် တစ်လုံး၊ ဒီတိုနေတာ ၁၂ ချောင်း၊ ပေ ၁၀၀ ခန့်ရှိ ဝါယာကြိုးခွေ တစ်ခွေ၊ TNLA ဘက်တံဆိပ်ပါ ဝတ်စုံ ၄၀၊ အစိမ်းရောင်စောင်အထည် ၂၀၊ ဂလူးကိုစ် အားသွင်းဆေးရည် အလုံး ၅၀၊ ဆေးမျိုးစုံ ဆာလာအိတ် နှစ်အိတ်နှင့် ဆန်အိတ်များ၊ စားသောက်ဖွယ်ရာများကို သိမ်းဆည်းရမိခဲ့ပြီး ထပ်မံရှင်းလင်းစဉ် စခန်းဝန်းကျင်တစ်ဝိုက်နှင့် အဆောက်အအုံများအကြားမှ လေးလက်မ သံပိုက်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရတိုက်မိုင်း ငါးလုံး၊ ရှစ်လက်မ သံပိုက်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရတိုက်မိုင်း တစ်လုံးနှင့် ငါးဂါလန်ဝင် ပလတ်စတစ်ပုံးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း လေးလုံးတို့ကို တွေ့ရှိသဖြင့် သက်မှဲ့ပြုလုပ်၍ ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ယင်းစခန်းပုန်း၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက် လျှိုစောင်းချိုအတွင်းမှ ဒေသန္တရလက်လုပ်မိုင်း ၁၃ လုံးနှင့် အလျားလေးလက်မ၊ အနံ လေးလက်မ၊ အမြင့် ခြောက်လက်မခန့်ရှိ လေးထောင့်သံပုံးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း လေးလုံးတို့ကို ရှာဖွေရှင်းလင်းနိုင်ခဲ့ပြီး ဇွန် ၂၆ ရက် အထိ ထိတွေ့မှု ငါးကြိမ် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီးနောက် TNLA လက်နက်ကိုင် အဖွဲ့များသည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလျှောခဲ့ကာ အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အလောင်းလေးလောင်း၊ အမ် ၂၂ သေနတ် ၁၂ လက်၊ စက်လက်တစ်လက်၊ ကေ ၁၂ သေနတ်တစ်လက်၊ အမ် ၂၂ ဒင်ခေါက်သေနတ် တစ်လက်၊ RPG ဒုံးသီး ၂၆ လုံး၊ ၆၀ မမ ဗုံးသီး ၁၁ လုံး၊ အမ် ၂၂ ကျည်အိမ် ၁၄ ခု၊ ၎င်းကျည်အတောင့် ၈၀၀၊ စနိုက်ပါ ကျည်အိမ် သုံးခု၊ စာရွက်စာတမ်းမျိုးစုံ ဆာလာအိတ် နှစ်ထုပ်နှင့် စစ်ဝတ်ပစ္စည်းမျိုးစုံ ဆာလာအိတ် တစ်ထုပ်တို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

(သတင်းစဉ်)

မောင်တောခရိုင်၌ ယခုနှစ်ပထမခြောက်လအတွင်း စိတ်ကြွဆေးပြား ၅၂ သိန်းကျော်သိမ်းဆည်းရမိ

မောင်တော ဇွန် ၂၇
၂၀၁၇ ခုနှစ် ပထမခြောက်လတာ ကာလအတွင်း မောင်တောခရိုင်၌ မူးယစ်ဆေးဝါးအမှုပေါင်း ၁၃ မှုနှင့် စိတ်ကြွဆေးပြား အရေအတွက် ၅၂ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မူးယစ်တပ်ဖွဲ့စု (၄၆)မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မောင်တောခရိုင် မူးယစ်တပ်ဖွဲ့စု (၄၆)အနေနဲ့ ၂၀၁၇ ခုနှစ် ပထမခြောက်လတာကာလအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၁၃ မှုနဲ့ စိတ်ကြွဆေးပြား အရေအတွက် ၅၂ သိန်းကျော် သိမ်းဆည်းရမိပါတယ်။ ပြီးခဲ့တဲ့ အလားတူကာလနဲ့ နှိုင်းယှဉ်မယ်ဆိုရင် သိသိသာသာ ပိုမိုသိမ်းဆည်းရမိတာကို တွေ့ရမှာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ ကတော့ ဖေဖော်ဝါရီလထဲမှာ မေယုစစ်ဆင်ရေးဆောင်ရွက်ခဲ့ပါတယ်။ ဒီကာလထဲမှာ စိတ်ကြွဆေးပြား ၄၁ သိန်းကျော် သိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာ အများဆုံးသိမ်းဆည်းရမှုဖြစ်ပါတယ်"ဟု မူးယစ်တပ်ဖွဲ့စု (၄၆) မှ ရဲမှူးမောင်မောင်ရင်က ပြောသည်။ အဆိုပါ မူးယစ်ဆေးဝါး သိမ်းဆည်းရမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တရားစွဲ အရေးယူမှုများလည်း ပြုလုပ်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအနေဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုနှင့် လုံခြုံရေးအဖွဲ့များအားလုံးက ဖမ်းဆီးမှုများ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောခရိုင်သည် ချောင်းမြောင်းများ ပေါများသည့်အတွက် ကာကွယ်တားဆီးရေးတွင် အခက်အခဲများရှိသော်လည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး အသိပညာပေးလုပ်ငန်းများကိုလည်း ရပ်ကွက်နှင့်ကျေးရွာများအထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး
ဓာတ်ပုံ-သတ္တ

အကြမ်းဖက်အဖွဲ့အတွက် လူသစ်စုဆောင်းပေးသူအား ဖမ်းဆီးထိန်းသိမ်း

နေပြည်တော် ဇွန် ၂၇
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ လူငယ်များအား အကြမ်းဖက်အဖွဲ့အတွက် လူသစ်စုနေသူတစ်ဦးအား ယမန်နေ့ ညနေပိုင်းက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် အင်းဒင်ကျေးရွာ (ရွာကြီး)နေ မော်လဝီမာမတ်တော်ယာလ်သည် ကျေးရွာအတွင်းရှိ လူငယ်များအား အကြမ်းဖက်အဖွဲ့အတွက် လူသစ်စုဆောင်းပေးခြင်း၊ ငွေကြေးများထောက်ပံ့ပေးခြင်း၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုပျက်ပြားအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အား မထီမဲ့မြင်ပြုခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် ယမန်နေ့ ညနေပိုင်းက မော်လဝီမာမတ်တော်ယာလ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လဟယ်မြို့တွင် ခြင်ဆေးခတ်ဆောင်ရွက်

လဟယ် ဇွန် ၂၇
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် မိုးရာသီရောက်ရှိလာသောကြောင့် မိုးတွင်းကာလအဖြစ်များသာ ရောဂါများ မဖြစ်ပွားစေရေးနှင့် ရောဂါများ တားဆီးကာကွယ်ရေးအတွက် လဟယ်မြို့နယ် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်တွင် ခြင်ဆေးများ ခတ်ခြင်းကို ဇွန် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

မိုးတွင်းကာလ အဖြစ်များသော ဌက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ကျန်းမာရေးသူနာပြုဆရာ ဆရာမများ၊ သားဖွားဆရာ ဆရာမများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍မြို့ပေါ် လေးရပ်ကွက်ရှိသောက်သုံးရေကန်များနှင့် ခြင်ပေါက်ပွားရာနေရာများ၌ ခြင်ဆေးခတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

မြို့နယ်(မြန်/ဆက်)

ကြေးမုံ
ပြည်တွင်းရေးရာ

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ၏ ဒုတိယအကြိမ်ညီလာခံတွင် ဥက္ကဋ္ဌသစ်နှင့် ခေါင်းဆောင်များ ရွေးချယ်

ချင်းမိုင် ဇွန် ၂၃

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)၏ ဒုတိယအကြိမ်ညီလာခံတွင် ခေါင်းဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်း၊ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို နုတ်ထွက်ခွင့်ပြုခြင်းနှင့်လက်ရှိနိုင်ငံရေးစစ်ရေးအခြေအနေများနှင့် ငြိမ်းချမ်းရေးအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီUNFC၏ ခေါင်းဆောင်သစ်များကို ဇွန် ၂၆ ရက်တွင် ရွေးချယ်ခဲ့ပြီး UNFC ဥက္ကဋ္ဌအဖြစ် နိုင်ဟံသာ (မွန်ပြည်သစ်ပါတီ-NMSP)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒေါက်တာခင်မောင် (ရခိုင်အမျိုးသားကောင်စီ-ANC)၊ အထွေထွေအတွင်းရေးမှူးအဖြစ် ခူးဦးရယ်(ကရင်နီအမျိုးသားတိုးတက်ရေးပါတီ-KNPP)၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)အဖြစ် စေအွန်(ရှမ်းပြည် တိုးတက်ရေးပါတီ-SSPP)၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး(၂)အဖြစ် ဆော်လမွန် (လားဟူဒီမိုကရက်တစ်အစည်းအရုံး-LDU) တို့ကို ရွေးချယ်ခဲ့သည်။

UNFC၏ ဒုတိယအကြိမ်ညီလာခံတွင် ယခင်ကUNFC အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့် တောင်းဆိုထားသည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ "ဝ"အမျိုးသားအဖွဲ့ချုပ် (WNO)၊ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး(PSLF) နှင့် မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော်ကိုးကန့် (MNDAA) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းလေးဖွဲ့အား နုတ်ထွက်ခွင့်ပြုခဲ့သည်။ အဖွဲ့ဝင်သစ်အဖြစ် UNFC အဖွဲ့တွင်ပါဝင်ရန် လျှောက်ထားခဲ့ကြသည့် ချင်းအမျိုးသားတပ်ဦး(CNF) နှင့် ကချင်အမျိုးသားအစည်းအရုံး(KNO)အဖွဲ့တို့ကို UNFC ၏ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်သွားရန် ညီလာခံမှ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့တွင် မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရခိုင်အမျိုးသားကောင်စီ(ANC)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့ပါဝင်သည်။

ယခင်က UNFCကို ကချင်လွတ်လပ်ရေးအဖွဲ့(KIO) ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လက ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ယခုတွင် UNFC ဥက္ကဋ္ဌသစ်အဖြစ် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာက တာဝန်ယူမည်ဖြစ်သည်။

(ရဲခေါင်ညွန့်)

❁ ညီညွတ်သောတိုင်းရင်းသားလူမျိုးများမှ

ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လက "အခုအချိန်မှာ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း သုံးအုပ်စုဖြစ်နေတယ်။ နံပါတ်(၁)က NCA လက်မှတ်ထိုးတဲ့ အဖွဲ့၊ နံပါတ်(၂)က မြောက်ပိုင်းအဖွဲ့ဆိုပြီးတော့ ပေါ်ပေါက်လာတယ်။ တတိယအနေနဲ့တော့ NCA မထိုးရသေးတဲ့ အဖွဲ့အစည်းဆိုပြီးတော့ သုံးအုပ်စုဖြစ်နေတယ်။ မြေပြင်အခြေအနေအရ အဖွဲ့အစည်းသုံးဖွဲ့ ဖြစ်နေဦးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဟာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်တွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်သွားရင် ကောင်းမလဲဆိုတာကို ဒီအစည်းအဝေးကနေ အားလုံးက စစ်မှန်တဲ့ ကောင်းမွန်တဲ့ အကြံအဉာဏ်တွေကိုပေးကြဖို့ အထူးပဲလိုအပ်မှာဖြစ်ပါတယ်။ ဒီအစည်းအဝေးကနေ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ရှေ့လုပ်ငန်းစဉ် အကောင်းဆုံးတွေကို ချမှတ်နိုင်အောင် အားလုံးက ကြိုးစားပြီးတော့ ဆွေးနွေးတင်ပြသွားကြဖို့တိုက်တွန်းပါတယ်" ဟုအဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးကို သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခဲ့သည်များကို ပြန်လည် သုံးသပ်ခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဒုတိယအစည်းအဝေး ရလဒ်များအပေါ် ပြန်လည်ဆွေးနွေးခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)နှင့် လူထုအခြေပြုအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၀ မှ ၂၆ ရက် အထိကျင်းပခဲ့သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)၏ ဒုတိယအကြိမ်ညီလာခံတွင် ခေါင်းဆောင်သစ်များ ပြန်လည်ရွေးချယ်ခဲ့ပြီးအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နုတ်ထွက်ခွင့်ပြုခဲ့ကြောင်းသိရသည်။

သတင်း-ရဲခေါင်ညွန့်၊
ဓာတ်ပုံ-အောင်အောင် (ချင်းမိုင်)

✯ ကျောပုံးမှ

ထိုသို့ ရှာဖွေစဉ် တပ်မတော်(ရေ)မှ ဆိုနာစနစ်ဖြင့် ရှာဖွေတွေ့ရှိသော နေရာများသို့ ဒေသခံငါးဖမ်းစက်လှေများက သွားရောက်ရှာဖွေရာ ယနေ့ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည် အလူမီနီယံအစိတ်အပိုင်းများအား ထပ်မံဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်း ရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရ/ပျောက်ဆုံးစာရင်း

(၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့အထိ)

စဉ်	ရက်စွဲ	အမည်	မြို့နယ်/ ကျေးရွာ	ကိစ္စ/ ပျောက်ဆုံး	မှတ်ချက်
၁။	၂-၁၁-၂၀၁၆	ဝင်းမောင်သိန်း ထွန်းလင်းအေး (၀) ညီဝေ့ သိန်းဝေကျော်	မောင်တောမြို့နယ် ရွာဦးညီတောင် ကျေးရွာ	၃	အားဝပ်ရောင်း ကျေးရွာမှ ရွာဦးညီတောင် ကျေးရွာသို့ မြန်လာစဉ် ကျေးရွာသို့ မရောက်ရှိဘဲ လမ်း၌ ပျောက်ဆုံးနေခြင်းဖြစ်။
၂။	၁၃-၁၂-၂၀၁၆	ဟာဘီရော်မန်	သဝန်ရောင်း မြောက်ရွာ	၁	ဟာဘီရော်မန်အား ဖမ်းဆီး သွားချိန် ဖမ်းဆီးစံရမှုကို တပ်နှင့် ရဲတပ် သတင်းပေးမှုအပေါ် မကျေနပ်၍ ၎င်းနှင့် ဗိသားရုဒအား ဖမ်းဆီး သတ်ဖြတ်ပစ်မည်ဟု ရိုက်နှက်ခြိမ်းခြောက် ပြောဆို။
၃။	၂-၁-၂၀၁၇	လာလူး	မင်းကြီးကျေးရွာ	၁	နေအိပ်သို့ မြန်လည် မရောက်ရှိဘဲ ပျောက်ဆုံး။
၄။	၂၂-၁-၂၀၁၇	အိမ်ဘာဟိန်း	ဆင်သေပြင် (အရှေ့)	၁	နေအိပ်သို့ မြန်လည် မရောက်ရှိဘဲ ပျောက်ဆုံး။
၅။	၂၇-၁-၂၀၁၇	ရော်ဒီရာမောက်	ရွာဦးညီတောင် ကျေးရွာ	၁	နေအိပ်သို့ မြန်လည် မရောက်ရှိဘဲ ပျောက်ဆုံး။
၆။	၂၇-၁-၂၀၁၇	ဆွေဝုပ်အာဝိန်	ပျော်ရောင်း ကျေးရွာ	၁	ဗိသားရုနှင့်အတူ အိပ်နေစဉ် အမျိုးသား (၄) ဦးမှ ထရံ အား ဖြိုချ၍ တုတ်ဖြင့် ရိုက်ပြီး ဖမ်းဆီး ခေါ်ဆောင်။
၇။	၁၂-၃-၂၀၁၇	ဟာမက်ရော်ဒီး	မောင်တော မြို့နယ် ရင်တောင် ကျေးရွာ	၁	မတ် ၁၂ ရက်နေ့တွင် ဟာမက် ရော်ဒီးသည်ဂုန်းဟာချ် စကား ပြောပြီး ရွာထဲသို့ ထွက်သွား ရာမှ ပြန်လည် ရောက်မလာခြင်း မရှိဘဲ ပျောက်ဆုံးနေပြီး ၎င်း သည် ကျေးရွာသို့ တပ်မတော် စစ်ကြောင်းများ လာရောက် သည့် အခါ ကူညီ ပေးသူဖြစ်၍ မသင့်မြတ်သူ များမှ ဖမ်းဆီး ထားနိုင်။
၈။	၃၀-၃-၂၀၁၇	ယာယာ	မောင်တောမြို့နယ် ရွာဦးညီတောင် ကျေးရွာ	၀	ရေတွင်းကျွန်း ကျေးရွာသို့ အလည်သွားရာ ပြန်လည် ရောက်ရှိလာခြင်း မရှိ။
၉။	၃၁-၃-၂၀၁၇	နမာမောက်	မောင်တောမြို့နယ် ကျွန်းခေါက်ပြုစု ကျေးရွာ	၁	ဗိသားရုနှင့်အတူ အိပ်၍ အိပ်နေ စဉ် မွှက်နာတုံး ဝတ်ဆင်ထား သော လှ (၁၅) ဦးခန့်က အိပ် နောက်ခက် ထိ ထရံအား ဖျက်၍ ဝင်ရောက်လာပြီး နမာမတ်အား ဖမ်းဆီးခေါ်ဆောင်သွား။
၁၀။	၁-၄-၂၀၁၇	အိဘရာဟိန်း	မောင်တော မြို့နယ် ရောင်ရွှေအာလောင် နှင့် အယ်ဘဟူထောင်။	၃	တုတ်အားများ ကိုင်ဆောင်ပြီး ဖေါင်းစွပ်အပည်း ဝတ်ဆင်ထား သူ (၃၀) ဦးခန့်မှ နေအိပ်ထဲရဲ့ ထားဖျက်၍အိပ်ထဲတွင်ဆင်ရောက် ကာ ဖမ်းဆီးခေါ်ဆောင်သွား။ (အဖွဲ့လာဟာဖွဲ့လာပါအား ကြိုး တုပ်လွှက်ပြန်လည် တွေ့ရှိ။)
၁၀။	၁၀-၄-၂၀၁၇	မော်ဒီထောလောင်	မောင်တောမြို့နယ် ကွမ်းသီး ပင်ကျေးရွာ	၁	နေအိပ်နှင့် ကိုက် (၅၀၀) ခန့် အကွာရှိ ပုဇွန်ကန်သို့ ငါး/ပုဇွန် ဖမ်းရန်သွက်သွားရာ ပြန်ရောက် မလာ။
၁၂။	၁၇-၄-၂၀၁၇	ဟမတ်တာလောင် (၀) ဆင်ဝိုင်	ကြိမ်ရောင်းတောင် ကျေးရွာ၊ မောင်တောမြို့နယ်	၁	ထိုင်ကယ်ခြင်ဖြင့် ကျောက်ရောင်း ကျေးရွာသို့ ရောဂေယ်ရန် သွား ရောက်ရင် ပြာဝင်ကျေးရွာ ဝင်ဒီ လမ်းဆုံတွင်လူ(၂) ဦး (စီစစ်ဆဲ) မှ ဖမ်းဆီးခေါ်ဆောင်သွား။
၁၃။	၂၉-၄-၂၀၁၇	ဦးဆောင်ပြကျော်၊ ဦးမောင်ဆေးသော	ရခသုတောင် မြို့နယ် ကျောက် စာတိုင် ကျေးရွာ	၂	ဖေယု တောင်ရိုးများသို့ ရေ ရှာဖွေရန် ဒိုက္ခာ(၃) ရက်စာခြင် ထွက်ရှာသွား ရာမှ ပြန်လည် ရောက်ရှိ လာခြင်းမရှိ။
၁၄။	၁၉-၅-၂၀၁၇	ပိုဒီရာမန်	မောင်တော မြို့နယ် ကျောင်း တောင် ကျေးရွာ အုပ်စု	၁	အနက်ရောင် ဝတ်စုံဝတ် မွှက်နာတုံး ရွယ်ထားသူ (၅၀) ဦးခန့်က ဂျနရေတာ ဘက်သို့ ဖမ်းဆီးခေါ် ဆောင်သွားခဲ့။
၁၅။	၂၇-၅-၂၀၁၇	ဟမောက်တာဟိရ်	မောင်တောမြို့နယ် ကိုးကန်ခြင် အလယ်ရွာ	၁	နေအိပ်မှ ထွက်သွားရာ အိပ်သို့ ပြန်ရောက်လာခြင်း မရှိ။
၁၆။	၅-၆-၂၀၁၇	အိဘရာဟင်း	မောင်တောမြို့ပေါ် ရိပ်ကွက် ၂	၁	နယ်ခြမ်း ၅ သင်္ဘောရောင်း ကျေးရွာ တောင်ဘက်တွင် အိဘရာဟင်းပါ ၄ ဦး ပုဇွန်ကန် စောင့်ကြပ်နေစဉ် မွှက်နာ အတက်အုပ်ထားသူ ၂၅ ဦးမှ ဖမ်းဆီးခေါ်ဆောင်သွား။
၁၇။	၂-၆-၂၀၁၇	ဦးလှစိန် (၀) အေမာရန်	ဘူးသီးတောင် မြို့နယ် စာကိုင်းကျေးရွာ	၁	အပည်မသိ လူတစ်ရာက စာရင်း ရှင်းရန် ခေါ်ဆောင်သွားခဲ့ပြီး အိပ်သို့ ပြန်ရောက်လာခြင်း မရှိ သဖြင့် ၎င်း၏ ဇနီးဖြစ်သူက ဇွန်လ ၁၀ ရက် နေ့တွင် လာရောက် တိုင်တန်းခဲ့။
				ကုန်ဆုံး	၂၂ ဦး

မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းအတွက် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇွန် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (CFTDC) သင်တန်းခန်းမ၌ သင်တန်းကျောင်းမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပုံမှန်ဖွင့်လှစ်ပို့ချသည့်သင်တန်းများ အပြင် မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းအတွက် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မော်ဘီမြို့နယ် သစ်တောဦးစီးဌာန သစ်စေ့နှင့် ပျိုးပင်ထုတ်လုပ်ရေးစခန်းအတွင်း အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း တည်ဆောက်နေမှုများကို စစ်ဆေးသည်။

ထို့နောက် ပဲခူးမြို့ ကန်တော်ကြီးကန် ရေဝေရေလဲ ဧရိယာအတွင်း တည်ထောင်စိုက်ပျိုးထားသည့် ပုဂ္ဂလိက ရော်ဘာစိုက်ခင်းများအတွင်း စာချုပ်စည်းကမ်းနှင့်အညီ သစ်မာပင်များ စိုက်ပျိုးထားရှိခြင်းရှိ၊ မရှိ စစ်ဆေးပြီး ညပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ဧည့်ရိပ်သာ၌ ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံနှင့် ကန်တော်ကြီးကန် ရေဝေရေလဲဒေသအား သီးသန့်ဇုန် သတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် မဇင်းစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်း သစ်အခြေခံစက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် ကုန်ကြမ်းပစ္စည်းပံ့ပိုးပေးနိုင်မည့်အစီအစဉ်များ၊ လူသုံးနည်းသစ်မျိုးများဖြင့် စမ်းသပ်ထုတ်လုပ်နိုင်မည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းပြီး စီမံကိန်းမှထုတ်လုပ်နိုင်သည့် သစ်သားလက်မှုအသုံး အဆောင်ပစ္စည်းများကို လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းနှင့်အတူ ပေါင်မြို့နယ် ဥတ္တံတားကျေးရွာရှိ Long life Aggregate Mining ကုမ္ပဏီ၏ နုန်းစစ်ကန်များ တိုးချဲ့တည်ဆောက်ထားမှုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan) အကောင်အထည်ဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ် ပျားတောင်အနီးရှိ ဘိလပ်မြေစက်ရုံ အစည်းအဝေးခန်းမ၌ ကုမ္ပဏီမှ တာဝန်ရှိသူများက ဘိလပ်မြေစက်ရုံရင်းနှီးမြှုပ်နှံမှုများ၊ စက်ရုံအတွင်း တပ်ဆင်အသုံးပြုထားသည့် နည်းပညာများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် သစ်တောဦးစီးဌာနရုံးဝင်းအတွင်းရှိ သစ်တောပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်သစ်တောရိပ်သာတွင် ကရင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ လျှပ်စစ်ဝန်ကြီး ဦးစိုးလှိုင်တို့နှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးသည်။

ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် သထုံ-ဘားအံကားလမ်း၊ မိုင်တိုင်အမှတ်(၁၆/၁)အနီး မြိုင်ကလေးကြီးပိုင်း အကွက်အမှတ်(၈)အတွင်း စိုက်ပျိုးတည်ထောင်ထားသည့် ဦးအောင်ငြိမ်းချမ်း၏ ပုဂ္ဂလိကသစ်မာစိုက်ခင်းနှင့် သထုံ-ဘားအံကားလမ်း မိုင်တိုင်အမှတ်(၁၅/၄)အနီး မြိုင်ကလေးကြီးပိုင်း အကွက်အမှတ်(၈)အတွင်းရှိ သဘာဝတောတန်ဖိုးမြင့်စိုက်ခင်း ၁၅ ဧက တည်ထောင်ထားရှိမှုတို့ကို သွားရောက်စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ဝင်္ဂဘော်ကျေးရွာအနီးရှိ ဝင်္ဂဘော်ဆင်စခန်းရှိ အမိမဲ့ဆင်ငယ်များနှင့် ဆင်ပေါက်ကလေးများ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများနှင့် အများပြည်သူလာရောက်လည်ပတ်ကြည့်ရှု အပန်းဖြေနိုင်မှုတို့ကို စစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၇၉/၇)အနီးရှိ ဖြိုးစည်သူကုမ္ပဏီ၏ ပုဂ္ဂလိကကျွန်းစိုက်ခင်းအားကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်ခင်း ပင်ကျပ်နုတ်ခြင်းနှင့် ပင်ကျပ်များ ပြန်လည်အသုံးချနိုင်မှုများအား ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေနိုင်ပြည်နယ်၊ မော်တောဒေသဆေးတွင်းဆေးကော်တိုက်နိုင်ငံလျှပ် ကြေးတွေ့ဦးနောက်ပိုင်း
လူသားမျိုးစေ့နောက်ထောက်ထားမှု အကူအညီများပေးပေးပို့ထားခြင်းဝန်
(၁-၆-၂၀၁၇ မှ ၂၅-၆-၂၀၁၇ ထိ)

ရက်စွဲ ၂၅-၆-၂၀၁၇

စဉ်	စားသောက်ကုန် ပေးပို့ထားသော လုပ်ငန်းဆိုင်းရာများ ကိုယ်စားပြု		ဌာန/ အဖွဲ့အစည်း					ရုံးပေါင်း
			လူမှုစီးပွား ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန	နယ်စပ်ရေးရာ ဝန်ကြီးဌာန	နိုင်ငံတကာအဖွဲ့ အရည်အချင်း (WFP အယိုးတင်)	ရေနိုင်ပြည်နယ် အစိုးရအဖွဲ့	ပြည်တွင်းအလှူ ရှင်များ	
၁	ဆန်	ဗဟ ကိုဂိုတိတ်	-	-	-	-	-	-
		၂၂ ကိုဂိုတိတ်			၄၄			၄၄
၂	စားစရိ	ကမ်းခြေတန်း	-	-	၄၀	-	-	၄၀
		ဝိသဿ			-			-
၃	ပဲ	(ဝိသဿ)	-	-	၆၀	-	-	၆၀
၄	ကြက်သွန်	(အိတ်)	-	-	၂	-	-	၂
၅	အာလူး	(အိတ်)	-	-	၆	-	-	၆
၆	ဆေးပေါ်ဆွဲ	အိတ်	-	-	၀	-	-	၀
	ပြောက်	၈			-			-
၇	အတက်ဆထည်	(အိတ်)	-	-	၅	-	-	၅
၈	ဆေးမျိုးစုံ	(ဂဲ)	-	-	၇	-	-	၇
၉	ဈေးသန့်	ကဒ်	-	-	၁၆၇	-	-	၁၆၇
		အိတ်			၃၅			၃၅
၁၀	အိပ်ယာခင်း	(ဂဲ)	-	-	၂	-	-	၂
၁၁	မျက်နှာသုတ်ပဝါ	(ဂဲ)	-	-	၂	-	-	၂
၁၂	လူသုံးကုန်အထည်	(အိတ်)	-	-	၃၀	-	-	၃၀
၁၃	စားသောက်ကုန်	(ဂဲ)	-	-	၂	-	-	၂
၁၄	အရွန်းမှုတ်ဆေး	(အိတ်)	-	-	၁	-	-	၁
၁၅	ဓောင်	(အိတ်)	-	-	၁	-	-	၁
၁၆	ဒိန်ပ်	(အိတ်)	-	-	၁	-	-	၁
၁၇	ပလပ်စတစ်ပုံး(ကြီး)	(ပုံး)	-	-	၄	-	-	၄

ရေနိုင်ပြည်နယ်၊ မော်တောဒေသဆေးတွင်းဆေးကော်တိုက်နိုင်ငံလျှပ် ကြေးတွေ့ဦးနောက်ပိုင်း
လူသားမျိုးစေ့နောက်ထောက်ထားမှု အကူအညီများပေးပေးပို့ထားခြင်းဝန်
(၁-၁၀-၂၀၁၆ မှ ၂၅-၆-၂၀၁၇ ထိ)

ရက်စွဲ ၂၅-၆-၂၀၁၇

စဉ်	စားသောက်ကုန် ပေးပို့ထားသော လုပ်ငန်းဆိုင်းရာများ ကိုယ်စားပြု		ဌာန/ အဖွဲ့အစည်း					ရုံးပေါင်း
			လူမှုစီးပွား ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန	နယ်စပ်ရေးရာ ဝန်ကြီးဌာန	နိုင်ငံတကာအဖွဲ့ အရည်အချင်း (WFP အယိုးတင်)	ရေနိုင်ပြည်နယ် အစိုးရအဖွဲ့	ပြည်တွင်းအလှူ ရှင်များ	
၁	ဆေးပေါ်ဆွဲ	(ဂဲ)	-	-	၇	-	-	၇
၂	ဈေးသန့်	ကဒ်	-	-	၁၆၇	-	-	၁၆၇
		အိတ်			၃၅			၃၅
၃	အိပ်ယာခင်း	(ဂဲ)	-	-	၂	-	-	၂
၄	မျက်နှာသုတ်ပဝါ	(ဂဲ)	-	-	၂	-	-	၂
၅	လူသုံးကုန်အထည်	(အိတ်)	-	-	၃၀	-	-	၃၀
၆	စားသောက်ကုန်	(ဂဲ)	-	-	၂	-	-	၂
၇	အရွန်းမှုတ်ဆေး	(အိတ်)	-	-	၁	-	-	၁
၈	ဓောင်	(အိတ်)	-	-	၁	-	-	၁
၉	ဒိန်ပ်	(အိတ်)	-	-	၁	-	-	၁
၁၀	ပလပ်စတစ်ပုံး(ကြီး)	(ပုံး)	-	-	၄	-	-	၄

ရန်ကုန် သတင်းမြင်ကွင်း

ပန်းချီဆရာကြီး ဦးဘဉာဏ် နှစ်(၁၂၀)ပြည့် ရုပ်တုဖြစ်မြောက်ရေး အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ နှင်းဆီမြိုင် ပန်းချီပြခန်း၌ ဇွန် ၂၅ ရက် နံနက်ပိုင်းက ပန်းချီဆရာကြီး ဦးဘဉာဏ် နှစ်(၁၂၀)ပြည့် အခမ်းအနားကျင်းပရေးနှင့် ရုပ်တုဖြစ်မြောက်ရေးကော်မတီ တတိယအကြိမ် ညီနှိုင်း အစည်းအဝေးကျင်းပသည်။

နာယက ပန်းချီဆရာကြီး ဦးလှတင်ထွန်းက အဖွင့် အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက် သူများက ရန်ပုံငွေရရှိရေးအတွက် အမျိုးသားပြတိုက်တွင် ပန်းချီပြပွဲကြီးပြသနိုင်ရေး၊ ပန်းချီဆရာများ၊ ပန်းချီမြတ်နိုး သူများက အလှူငွေများ ပေးအပ်လှူဒါန်းနိုင်ရေး ဆွေးနွေး ညှိနှိုင်းကြသည်။ ထို့ပြင် ဆရာကြီး ဦးဘဉာဏ်ကွယ်လွန်သည့် မော်လမြိုင်မြို့နယ် ကတိုးရွာနှင့် အမျိုးသားပြတိုက်တွင် ကြေးရုပ်တုနှစ်ခုထားရှိရေး၊ ကျေးရွာစာကြည့်တိုက်အား စာအုပ်စာပေများ လှူဒါန်းနိုင်ရေးတို့ကို ဆက်လက် ဆောင်ရွက်နိုင်ရန် မြို့နယ်အသီးသီးမှ တက်ရောက်ညှိနှိုင်း ကြသည်။

ထို့နောက် မတည်အလှူငွေများကို တက်ရောက်လာ သူ ပန်းချီပန်းပုအနုပညာရှင်များက ထည့်ဝင်လှူဒါန်းကြရာ ပန်းချီပန်းပုပညာရှင်ဦးအောင်ကျော်ထွန်းက အလှူငွေကျပ် ၁၀ သိန်းကို နာယကကြီးများအား ပေးအပ်လှူဒါန်းပြီး အစည်းအဝေးတက်ရောက်လာသည့် ပန်းချီဆရာ၊ ဆရာမ များ ထည့်ဝင်ငွေစုစုပေါင်းငွေကျပ် ၂၂၉၀၀၀၀ ရရှိခဲ့ ကြောင်း သိရသည်။

ပန်းချီဆရာကြီး ဦးဘဉာဏ် နှစ်(၁၂၀)ပြည့် အခမ်း အနား ကျင်းပနိုင်ရေးကို သက်ဆိုင်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်မည်ဖြစ် ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသ ကြီးများရှိ ပန်းချီပညာရှင်များအားလုံးပါဝင်နိုင်ရေး၊ ပန်းချီ ပြပွဲကြီးကို ဇူလိုင်လနောက်ဆုံးပတ်တွင် ကျင်းပနိုင်ရေး၊ ပြပွဲတွင် ပြသကြသော ပန်းချီကားများရောင်းချရငွေမှ ၅၀ ရာခိုင်နှုန်းကို လှူဒါန်းကြမည်ဖြစ်ကြောင်းနှင့် ဆရာကြီး၏ နှစ်(၁၂၀)ပြည့်သည့် ဩဂုတ် ၃၀ ရက်တွင် ကွယ်လွန်ရာ ကတိုးရွာတွင် ကြေးရုပ်ဖွင့်လှစ်နိုင်ရေး၊ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရေးတို့ကို တင်ပြဆွေးနွေးပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ရုပ်တုဖြစ်မြောက်ရေးနှင့် အခမ်းအနားကျင်းပရေး အတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ပန်းချီ

ကိုမောင်ကျော်သန်း ဖုန်း-၀၉-၄၃၀၆၆၈၂၇၊ ဦးဘုန်းနိုင် ဖုန်း-၀၉-၉၆၀၀၀၇၀၄၆၊ ပန်းချီနီပိုဦး ဖုန်း-၀၉-၉၇၁၂၅၀၀၀၁နှင့် ပန်းချီမောင်ကျော်ခေါင် ဖုန်း-၀၉-၇၉၅၃၃၃၄၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သင်္ဘောသားများနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌ ဂုဏ်ပြုပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် IMO ၏သတ်မှတ်ချက်အရ ဇွန် ၂၅ ရက်သည် သင်္ဘောသားများနေ့ (Day of The SEAFARER) အဖြစ်

ကျရောက်ခဲ့ပြီးဖြစ်ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ဆိုက်ကပ်နေသော ပြည်တွင်း/ပြည်ပ သင်္ဘောများရှိ သင်္ဘောကပ္ပတိန်များနှင့် သင်္ဘောသားများအား ဂုဏ်ပြုခြင်းအထိမ်းအမှတ်ပွဲများကို ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (MIP) မြန်မာ့စက်မှုဆိပ်ကမ်း၌ ကျင်းပသည်။

ထို့နောက် Myanmar Ocean Win Services မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေက အမှာစကားပြောကြားရာတွင် "တစ်ကမ္ဘာလုံးမှာရှိတဲ့ ကုန်ပစ္စည်းတွေ ရဲ့ ၉၀ ရာခိုင်နှုန်းဟာ ပင်လယ်ရေကြောင်းကုန်စည်စီးဆင်းမှုကနေ ရောက်လာ ကြတာပါ။ ဒါကို အဓိကလုပ်ဆောင်ပေးတာက သင်္ဘောကြီးတွေကို အဓိက လိုက်ပါ မောင်းနှင်ဆောင်ရွက်နေတဲ့ သင်္ဘောသားတွေပါ။ သင်္ဘောသားတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။ အဲဒီအတွက် သင်္ဘောသားနေ့ကို ဇွန် ၂၅ ရက်အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်ပွဲတွေနဲ့ ဂုဏ်ပြုပေးဖို့ကို ၂၀၁၀ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ရေကြောင်းအစည်းအဝေး၌ IMO က သတ်မှတ်ပေးခဲ့တာပါ။ ဒါကို IMO ရဲ့ အဖွဲ့ဝင်နိုင်ငံတွေက နှစ်စဉ်ကျင်းပ သွားဖို့ သတ်မှတ်ထားတယ်။ လက်ရှိနိုင်ငံအတော်များများမှာလည်း နှစ်စဉ် ကျင်းပကြပါတယ်" ဟု ပြောကြားသည်။

အဆိုပါ သင်္ဘောသားနေ့အခမ်းအနားကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ဆိပ်ကမ်းမှတာဝန်ရှိသူများ၊ အထိမ်းအမှတ်ပွဲ ကျင်းပရေးတွင် အဓိကပံ့ပိုးသည့် Myanmar Ocean Win Services မှ တာဝန်ရှိသူများ ပါဝင်ကာ သီလဝါဆိပ်ကမ်း၊ မြတ်မေတ္တာမွန်ဆိပ်ကမ်း၊ ဗိုလ်အောင်ကျော် ဆိပ်ကမ်း (မြန်မာ့ကြယ်ငါးပွင့်)၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP)၊ အလုံဆိပ်ကမ်း စသည့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ထားသော ပြည်တွင်း/ပြည်ပ နိုင်ငံခြားသင်္ဘောကြီးများသို့သွားရောက်ကာ အထိမ်းအမှတ် ပွဲများ ကျင်းပခဲ့သည်။ အဆိုပါ ဆိပ်ကမ်းတွင် သင်္ဘောကပ္ပတိန်များနှင့်သင်္ဘော အင်ဂျင်နီယာများ၊ ကုန်းပတ်အရာရှိများ၊ သင်္ဘောသားများနှင့် တွေ့ဆုံ၍ အထိမ်းအမှတ်အဖြစ် စားသောက်ဖွယ်ရာများပေးအပ်ခြင်း IMO က ထုတ်ပြန် ထားသည့် သတ်မှတ်ချက်စာရွက်စာတမ်းများ ပေးအပ်ပြီး ဓာတ်ပုံများရိုက်ကူး ခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) ၏ သတ်မှတ် ချက်အရ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဦးဆောင်မှုဖြင့် ဆဋ္ဌမအကြိမ်မြောက် သင်္ဘောသားနေ့ (Day of The SEAFARER-2017) အခမ်းအနားကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရွှေရှမ်း ကန် Restaurant ၌ ကျင်းပသည်။ ထို့နောက် မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၊ နာယကနှင့်ဥက္ကဋ္ဌ သင်္ဘောကုမ္ပဏီများ မှ တာဝန်ရှိသူများ၊ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်္ဘောသားမိသားစုဝင်များ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ယင်းနောက် တာဝန်ရှိသူများက သုံးဘာသာမှ ခြောက်ဘာသာအထိ ဂုဏ်ထူးရကြသော ကျောင်းသား ကျောင်းသူ ၅၄ ဦးအား တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဂုဏ်ထူးရ ဘာသာ ၂၅၀ အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဇာနည်မောင်)

ဇူလိုင်လတွင် ၁၉၉၅ မော်ဒယ်နှင့် အောက် ခရီးသည်တင်ယာဉ်များ ပြေးဆွဲခြင်းမပြု

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့တွင်း ခရီးသည်တင် ယာဉ်လိုင်းစနစ်သစ် ဖော်ဆောင်လာ သည့်ကာလ နှစ်ဝက်နီးပါးရှိလာသော ဇူလိုင်လဆန်းမှ စ၍ ၁၉၉၅ မော်လ်ဒယ် နှင့်အောက်ခရီးသည်တင်ယာဉ်များ ပြေးဆွဲခြင်းမပြုတော့ဟု သိရသည်။

ယာဉ်အိုယာဉ်ဟောင်း အပ်နှံ လဲလှယ်ရေးအစီအစဉ်အရ ဇွန် ၂၀ ရက် နောက်ဆုံးထားအပ်နှံရမည်။ ယာဉ်လိုင်းများတွင် အဆိုပါယာဉ်များ ပြေးဆွဲခြင်းကို ဇွန်လကုန်အထိ သက်ဆိုင်ရာမှ ခွင့်ပြုထားသည်ဟု သိရသည်။

မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်း တွင်ယာဉ်ကြီးများ မီနီဘတ်ယာဉ်ငယ် များပါပြေးဆွဲနေရာမှ မေလကုန်ပိုင်း မှစ၍ ယာဉ်ကြီးများဖြင့်သာ ပြေးဆွဲ လာခဲ့သည်။ သို့ဖြစ်ရာ မြို့တွင်းကား လမ်းမများပေါ်တွင် မီနီဘတ် ယာဉ်ငယ်များဖြင့် ခရီးသည်ပို့ဆောင် ခြင်းမမြင်ရသည်မှာ တစ်လဝန်းကျင် ရှိလာသည်။

သို့သော်နံနက် ၆ နာရီမတိုင်မီ နှင့်ညပိုင်းတို့တွင်မူ အခြားယာဉ်လိုင်း များမှ မီနီဘတ်ယာဉ်ငယ်အချို့ အဝါရောင်အများစု မြို့တွင်းပတ် ယာဉ်လိုင်းအချို့တွင် ကြားကားအဖြစ် ပြေးဆွဲနေသည်ကို မြင်တွေ့ရသည်ဟု မော်တင်မှ တာမွေပြန် စျေးသည် ကိုနေဝင်းက ဆိုသည်။ ရက်အနည်းငယ် သာလိုသည့် ဇူလိုင်လဆန်းတွင်ယာဉ် အသစ်များ ပြေးဆွဲခြင်းရှိလာမည် ဖြစ်သည်။ ယာဉ်ကြီးအသစ်အချို့ ပြေးဆွဲမည့် ယာဉ်လိုင်းအချို့ကို အသိ ပေးခြင်းရှိလာသည်။ ရောက်ရှိနေပြီး ယာဉ်အသစ်အားလုံးသည် ခရီးသည် တင်ယာဉ်များအဖြစ် ဝင်ရောက် ပြေးဆွဲလာချိန်တွင် အမြင်အမျိုးမျိုး ဖြင့် ဝေဖန်ပြောဆိုခြင်းများ သိသာစွာ လျော့ကျသွားမည်။

ခရီးသည်၊ ယာဉ်မောင်း၊ စီမံ အုပ်ချုပ်သူစသည့် ဘက်သုံးဘက်ညီ အသုံးပြု ဆောင်ရွက်လာပါက ဝန်ဆောင်မှုကောင်း ခံစားလာရမည်။ ကာလတိုအစား ရေရှည်တည်တံ့သော ဝန်ဆောင်ခြင်းဖြစ်ရန် အရေးကြီး သည်ဟု ခရီးသည်များကဆို သည်။

(မောင်စေအောင်)

ရန်ကုန်ဆန်လှူအသင်းကြီး (၉၁)ကြိမ်မြောက် ပူဇော်ဩဝါဒခံယူပွဲ၊ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းပေါ်ရှိ ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူ အသင်းကြီး၌ ဇွန် ၂၅ ရက် နံနက်က ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူ အသင်းကြီး၏ (၉၁) ကြိမ်မြောက်ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပူဇော်ဩဝါဒခံယူပွဲကို ကျင်းပပူဇော်ခဲ့သည်။

အခမ်းအနားတွင် အဘိဓေမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါ စရိယ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရ(သရက်) မဟာအောင်မြေ ရိပ်သာလှိုင်သာယာဆရာတော်ကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ခဲ့ကြ သည်။ အသင်းကြီး၏ ဂုဏ်ထူးဆောင် နာယကဦးညွန့်ငြိုးနှင့် နာယကလူကြီး များ၊ ဥက္ကဋ္ဌကြီးဦးကျော်ဆန်းနှင့် အမှုဆောင်လူကြီးများအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(ရွှေတိုင်လွင်)

လူ ၂၁ ဦးတင်စက်လေ စစ်တွေမှရသေ့တောင်အသွား နစ်မြုပ်

စစ်တွေ ဇွန် ၂၇

စစ်တွေမြို့နယ် ပါဒလိတ်ဆိပ်ကမ်းမှ ရသေ့တောင်မြို့နယ် မိုးစဲကျွန်း ဇီးကိုင်းကျေးရွာဘက်သို့သွားသည့် ခရီးသည်တင် စက်လေတစ်စင်း ဇွန် ၂၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

ရသေ့တောင်မြို့နယ် ညောင်ပင်လယ်ကျေးရွာနေ ဦးမောင်သာကျော်သည် စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာဆိပ်ကမ်းမှ ရသေ့တောင်မြို့နယ် မိုးစဲကျွန်း ဇီးကိုင်းကျေးရွာဘက်သို့ ခရီးသည် ၂၁ ဦး တင်ဆောင်မောင်းနှင်လာစဉ် ဇီးကိုင်းကျေးရွာဆိပ်ကမ်းအနီးအရောက်တွင် လှိုင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် နစ်မြုပ်ခဲ့ကြောင်း သိရသည်။ စက်လေနစ်မြုပ်မှုကြောင့် ခရီးသည် ၂၀ ကို မြစ်အတွင်း သွားလာနေသည့် စက်လေများနှင့် ဆိပ်ကမ်းအနီးရှိလူများက ဝိုင်းဝန်းကယ်တင်နိုင်ခဲ့ပြီး အမျိုးသမီးနှစ်ဦးနှင့် ကလေးတစ်ဦးအား စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အရေးပေါ် ပို့ဆောင်ထားရကာ မျောပါသွားသူ စိုးသီဟ(၂၃)နှစ်ခန့် (ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့)မှ ရသေ့တောင်မြို့နယ် ရန်အောင်ပြင်ကျေးရွာတွင် လာရောက်အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသူ စိုးသီဟအား ပြန်လည်တွေ့ရှိနိုင်ရေး စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ဓားတစ်ချောင်းနှင့် မသက်ာ်ဖွယ်တွေ့ရှိသူအားစစ်ဆေးရာ လုယက်မှု၊ ဆိုင်ကယ်နှင့်ဖုန်းခိုးမှုများ ပေါ်ထုတ်အရေးယူနိုင်

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမြင့် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ဝဝးဃ၀ နာရီတွင် သက်သေများနှင့်အတူ တောင်ကြီးမြို့ပေါ်တွင် အုပ်စုဖွဲ့ရမ်းကားမှု၊ ဆိုင်ကယ်ခိုးမှုများနှင့် အခြားခိုးမှုများမဖြစ်ပေါ်စေရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် တောင်ကြီးမြို့ စင်စံထွန်းဆေးရုံ ဖျားနာဆောင်အနောက်ဘက်လမ်း၌ မသက်ာ်ဖွယ်တွေ့ရှိသည့် တောင်ကြီးမြို့နေ ဟိန်းဇော်ထက်(၁၈)နှစ်ကို စစ်ဆေးရာ ၎င်းလွယ်ထားသည့်လွယ်အိတ်အတွင်းမှ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြောင်တစ်ချောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား တောင်ကြီးနယ်မြေရဲစခန်း(ပ) ၅၁/၂၀၁၇၊ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(င)ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။ ဟိန်းဇော်ထက်အား ထပ်မံစစ်ဆေးရာ တောင်ကြီးမြို့မဈေး လက်ဖက်ခြောက်ဆိုင်မှ SAMSUNG အမျိုးအစားဟန်းဆက်တစ်လုံး၊ တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်တွင် ရပ်ထားသည့် ကုန်တင်ကားပေါ်မှ HUAWEI အမျိုးအစား ဟန်းဆက်တစ်လုံး၊ တောင်ကြီးမြို့နယ်အတွင်းမှ ဆိုင်ကယ်မျိုးစုံငါးစီးကို ခိုးယူခဲ့ကြောင်း၊ ထို့ပြင် တောင်ကြီးမြို့ မင်းကျောင်းအနီး လမ်းဖြတ်ကူးနေသည့် အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ်တစ်လုံး၊ လက်စွပ်တစ်ကွင်း၊ ငွေကျပ် ၁၅ သိန်းကိုလုယူခဲ့ကြောင်း၊ တောင်ကြီးမြို့ တောင်ကြီးလက်ဖက်ရည်ဆိုင်အနီး၌ အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ်တစ်လုံး၊ ငွေကျပ် ၁၆ သိန်း၊ ရွှေနားကပ်တစ်ရံ၊ ရွှေဆွဲကြိုးတစ်ကုံးတို့ကို လုယူခဲ့ကြောင်း၊ တောင်ကြီးမြို့ တောင်ကြီးကဖေးအနီး၌ အမျိုးသမီးတစ်ဦးထံမှ ပလတ်စတစ်အိတ်နှင့်ထည့်ထားသော ငွေကျပ် ၁၀ သိန်း၊ ဖုန်းတစ်လုံး၊ ဆွဲကြိုးတစ်ကုံးတို့ကိုလုယူခဲ့ကြောင်း၊ တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း အနောက်ရေထွက်အနီးတွင် အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ်တစ်လုံး၊ ငွေကျပ်ခြောက်သိန်းတို့ကို လုယူခဲ့ကြောင်း၊ တောင်ကြီးမြို့ အေးသာယာမြို့ မြိုင်သာယာတောအတွင်း၌ စုံတွဲတစ်တွဲထံမှ ဆိုင်ကယ်တစ်စီး၊ ငွေကျပ်သုံးသိန်း၊ ဖုန်းတစ်လုံးတို့ကို လုယူခဲ့ကြောင်း၊ ဇွန် ၂၁ ရက် ညက တောင်ကြီးမြို့ စင်စံထွန်းဆေးရုံဖျားနာဆောင်တွင် ရွှေတောင်ရပ်ကွက် တောင်တန်းရှည်လမ်းနေ ထက်မြက်ဦး(၁၈)နှစ်နှင့်အတူ ဖုန်းဝင်ခိုးခဲ့ကြောင်း စစ်ဆေးသိရှိရ၍ ထက်မြက်ဦးအား ဇွန် ၂၄ ရက်တွင် ဖမ်းဆီးရမိခဲ့သဖြင့် သက်သေခံပစ္စည်းများ လိုက်လံသိမ်းဆည်းပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၇

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁

သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Instant Noodle နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Iron Frame တို့ကို တွေ့ရစဉ်။

ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၆ ရက်တွင် မန္တလေး-မူးဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၅ စီး၊ သွင်းကုန် ၅၆၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၂၄၄၁ သန်းခန့်) မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၆၉၁၇ သန်းခန့်) စုစုပေါင်းတားဆီးမှုခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၉၃၅၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၂၆ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်နှင့် ၂၂ ဘီးယာဉ်နှစ်စီးကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Instant Noodle 3000 kg နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Iron Frame 3200 kg (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၄၅၁ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လက်နက်ကြီးပုံးသီးစများထိမှန်၍ ဒေသခံပြည်သူနှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့အနီးဝန်းကျင်ရှိ နယ်မြေခံတပ်များကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က KIA/TNLA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

KIA/ TNLA လက်နက်ကိုင်အဖွဲ့များသည် ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က ကွတ်ခိုင်မြို့၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တို့မှ ကွတ်ခိုင်မြို့တွင်းနှင့် နယ်မြေခံတပ်အနီးသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ရာ ဝုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကွတ်ခိုင်မြို့၏ အနောက်မြောက်ဘက်ရှိ ပိန်းဟွယ်ကျေးရွာနေ ဒေါ်အေးအမ်နှင့် ဦးအိုက်ဒဲ့တို့နှစ်ဦးမှာ လက်နက်ကြီးစထိမှန်သေဆုံးခဲ့ပြီး ဦးအိုက်စံမှာ ဦးခေါင်းတွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ကွတ်ခိုင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်လေ ၁၀ စင်းနှင့် အင်ဂျင်သီးသန့်နှစ်လုံး ခိုးယူသူများကို ပေါ်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံမြို့မရဲစခန်း(ပ)၅၀/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၀ အမှုမှ မသက်ာ်တရားခံများဖြစ်သည့် ကျိုက်လတ်မြို့နယ် သံကြိုးတိုင်ကျေးရွာနေ ကျော်မြင့်ဦး(၂၈)နှစ်နှင့် တစ်ရွာတည်းနေ တင်ဦး(၄၈)နှစ်တို့ကို ဖျာပုံခရိုင်ရဲတပ်ဖွဲ့၊ အမှုစစ်အဖွဲ့က စစ်ဆေးခဲ့ရာ ကျော်မြင့်ဦးသည် ချစ်ဆန်း(စီစစ်ဆဲ)နှင့်အတူ လွန်ခဲ့သောလေးနှစ်ခန့်က ဟွန်ဒါချိန်းဆွဲပန်ကာသုံးလက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံစက်လှေ တစ်စင်းကိုလည်းကောင်း။

လွန်ခဲ့သောသုံးနှစ်ခန့်က အလျား(၁၄)တောင်ခန့်ရှိ ကျွန်းသားခွံ (အင်ဂျင်မပါ) စက်လှေတစ်စင်းကိုလည်းကောင်း၊ လွန်ခဲ့သောနှစ်နှစ်ခန့်က အလျား ၁၃ တောင်ခန့် ကျွန်းသားခွံ (အင်ဂျင်မပါ)စက်လှေတစ်စင်းနှင့် အလျား(၁၄) တောင်ခန့် ဟွန်ဒါချိန်းဆွဲပန်ကာသုံးလက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံစက်လှေတစ်စင်းတို့ကိုလည်းကောင်း၊ လွန်ခဲ့သောတစ်နှစ်ကျော်ခန့်က အလျား ၁၄ တောင်ခန့် ဟွန်ဒါချိန်းဆွဲ ပန်ကာသုံးလက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံ စက်လှေတစ်စင်းနှင့် အလျား ၁၅ တောင်ခန့် ဟွန်ဒါချိန်းဆွဲ ပန်ကာသုံးလက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံစက်လှေတစ်စင်းတို့ကို လည်းကောင်း၊ ကျော်ထူး(စီစစ်ဆဲ)နှင့်အတူ လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က အလျား(၁၄)တောင်ခန့် Kenbo အမျိုးအစား မြင်းကောင်ရေ ၁၃ ကောင် အင်ဂျင်တပ် သစ်သားခွံစက်လှေတစ်စင်းကိုလည်းကောင်း ခိုးယူခဲ့ကြောင်း။

ထို့အပြင် ကျော်မြင့်ဦး၊ ချစ်ဆန်း၊ တင်ဦးတို့နှင့်အတူ လွန်ခဲ့သောတစ်နှစ်ကျော်ခန့်က ပန်းတနော်မြို့နယ် ပြည်တော်သာကျေးရွာချောင်းအတွင်းမှ စပါး ၄၀၀ ခန့်ပါ သစ်သားခွံစက်လှေတစ်စင်းတို့ကိုလည်းကောင်း၊ လွန်ခဲ့သော ၁၁ လခန့်က ပြည်တော်သာကျေးရွာချောင်းစပ်တွင်ရပ်ထားသည့် စပါး ၃၅၀ ခန့်ပါ သစ်သားခွံ စက်လှေတစ်စင်းကိုလည်းကောင်း၊ လွန်ခဲ့သောခြောက်လခန့်က မအူပင်မြို့အနီး မြစ်ကမ်းဘေးမှ စပါး ၁၅၀ ခန့်ပါ သစ်သားခွံစက်လှေတစ်စင်းကို လည်းကောင်း။

လွန်ခဲ့သောတစ်လကျော်ခန့်က ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာအနီး မြစ်ကမ်းဘေးတွင်ရပ်ထားသည့် ငါးဖမ်းစက်လှေပေါ်မှ ကာဝါအမျိုးအစား ခုနစ်ကောင်ခွဲပန်ကာနှစ်ရွက်ပါ အနက်ရောင်အင်ဂျင်တစ်လုံးနှင့် ဒေးဒရဲမြို့နယ် တမော့ဝကျေးရွာအနီး မြစ်ကမ်းဘေးတွင်ရပ်ထားသည့် ငါးဖမ်းစက်လှေပေါ်မှ ကာဝါအမျိုးအစားခုနစ်ကောင်ခွဲ ပန်ကာနှစ်ရွက်ပါ အနက်ရောင်အင်ဂျင်တစ်လုံးတို့ကိုလည်းကောင်း ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ သက်သေခံပစ္စည်းများ လိုက်လံသိမ်းဆည်းပြီး သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုဖွင့်အရေးယူထားကာ ကျန်ရှိတရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

ရေကြားမှ

ဘာစီလိုနာအသင်းကမ်းလှမ်းမှုကို စောင့်မျှော်ရင်း ငြီးငွေ့နေပြီဖြစ်တဲ့ မာရက်ဇ် အာဆင်နယ်ကို ပြောင်းရွှေ့ရန် နီးစပ်လာနေ

လက်စတာတောင်ပံတိုက်စစ်မှူး မာရက်ဇ်မှာ ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် စိတ်ပိုင်းဖြတ်ထားသော်လည်း ဘာစီလိုနာ၏ ကမ်းလှမ်းမှုကို စောင့်စားနေရသည်ကို ငြီးငွေ့နေပြီဖြစ်သဖြင့် အာဆင်နယ်သို့သာ ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့ရန် နီးစပ်လာပြီဖြစ်သည်။

မာရက်ဇ်မှာ လက်စတာအသင်းမှ ထွက်ခွာရန် ရာသီမကုန်ခင်ကပင် တောင်းဆိုထားသည့်ကစားသမားဖြစ်ပြီး ချန်ပီယံလီဂ်ဝင်ခွင့် ပုံမှန်ရရှိသည့် အသင်းတစ်ခုဆီသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသလို အထူးသဖြင့် ဘာစီလိုနာကစားသမားဖြစ်ရေး တောက်လျှောက် စိတ်ကူးနေခဲ့သူဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းတွင် သူ့ထက် ဦးစားပေးပစ်မှတ် ကစားသမားများရှိနေပြီး ပီအက်စ်ဂျီကွင်းလယ်လူ ဗာရက်တီနှင့် အာဆင်နယ်နောက်ခံလူ ဘယ်လာရင်တို့ကို ခေါ်ယူရန် ချဉ်းကပ်နေရာ မာရက်ဇ်မှာ ဘာစီလိုနာအသင်းကမ်းလှမ်းမှုအပေါ် စိတ်ပျက်လာခြင်းဖြစ်သည်။

စပိန်အားကစားစာစောင်တစ်ခုက မာရက်ဇ်နှင့် ပတ်သက်ပြီး "စောင့်စားရတာကို လက်လျှော့လိုက်ပါပြီ"ဟု ရေးသားခဲ့ပြီး ဘာစီလိုနာ၏ အပြောင်းအရွှေ့မှာ စားပွဲပေါ်တွင်သာရှိနေသော်လည်း အာဆင်နယ်က လေးနှစ်စာချုပ်ဖြင့် ကမ်းလှမ်းခဲ့ပြီးဖြစ်သည်ဟု ဖော်ပြခဲ့သည်။

အသက်(၂၆)နှစ်အရွယ် မာရက်ဇ်ကို အာဆင်နယ်အသင်းက ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ချိတ်ဆက်ခဲ့သေးပြီး လီဗာပူး၊ ချယ်လ်ဆီး တို့ကလည်း အပြိုင်ကမ်းလှမ်းမှုရှိခဲ့သည်။ မာရက်ဇ်မှာ ပရီမီယာလီဂ် အသင်းများတွင် အာဆင်နယ်သို့ပြောင်းရွှေ့ရန် စိတ်ဝင်စားမှုပိုသော်လည်း ကမ္ဘာ့ထိပ်တန်းကလပ် ဘာစီလိုနာသို့ ပြောင်းရွှေ့ခွင့်ရရန်အတွက် အာဆင်နယ်၏ ကမ်းလှမ်းမှုကို လျစ်လျူရှုခဲ့ခြင်းဖြစ်သည်။ မာရက်ဇ်ကို ဘာစီလိုအသင်းက စိတ်ဝင်စားမှုရှိသည့် သဘောကိုပြသခဲ့သော်လည်း ရရှိရန် ကြိုးပမ်းမှုအပိုင်းတွင် တိတိပပ လုပ်ရှားမှုမရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ရာသီမကုန်ဆုံးမီ ပြီးခဲ့သည့်မေလအတွင်း မာရက်ဇ်က "လက်စတာအသင်းရဲ့ လေးစားမှုနဲ့ ပရိသတ်တွေရဲ့ ချစ်ခင်နှစ်သက်မှုကို ထည့်မတွက်ဘဲ အမှန်အတိုင်းရိုးရိုးသားသားပြောရရင် ခုချိန်ဟာ အသင်းပြောင်းသင့်ပြီလို့ ကျွန်တော်ထင်ပါတယ်" ဟု ပြောကြားခဲ့ရာ ယခုနွေဈေးကွက်အတွင်းမှာပင် လက်စတာအသင်းမှ မာရက်ဇ် ထွက်ခွာရန် သေချာနေပြီဖြစ်သည်။

မေလဲ့သင်း

စပါးအသင်းဥက္ကဋ္ဌ ဒန်နီယယ်လက်ဗီက ဟယ်ရီကိန်းအတွက် ကမ်းလှမ်းမှုအားလုံးကို ငြင်းပယ်

စပါးအသင်းသည် တိုက်စစ်မှူး ဟယ်ရီကိန်းအတွက် ကမ်းလှမ်းလာသည့် မည်သည့်အမှာစာကိုမျှ ဆွေးနွေးခြင်းမရှိသလို ဥက္ကဋ္ဌ လက်ဗီက ကိန်းအတွက် ဆက်သွယ်လာသည့် မည်သည့်ဖုန်းကိုမျှ လက်ခံဖြေကြားခြင်းမရှိကြောင်း သိရသည်။ စပါးနှင့် နီးစပ်သူများ၏ သတင်းပေးချက်အရ စပါးအသင်းသည် ကိန်းကို မရောင်းချမည့် ကစားသမားအဖြစ်သတ်မှတ်ထားပြီး ရေရှည်ဆက်ထိန်းနိုင်ရန် စီစဉ်လျက်ရှိသည်။

မန်ယူအသင်းသည် ကိန်းအတွက် ပေါင်သန်း ၁၀၀ ဖြင့် ကမ်းလှမ်းခဲ့သည်ဟု သတင်းထွက်ခဲ့သေးသော်လည်း ကိန်းကို ကမ်းလှမ်းမှုတိုင်းအတွက် စပါးအသင်းက ငြင်းဆန်မြဲ ငြင်းဆန်နေသဖြင့် ချိတ်ဆက်မှုအားလုံး အေးခဲသွားပြီဖြစ်သည်။ အမည်မဖော်လိုသူ စပါးနှင့် နီးစပ်သူတစ်ဦးက "ကိန်းအတွက် ဘယ်လို ဆက်သွယ်လာမှုကိုမှ ကျွန်တော်တို့ဘက်က လက်ခံဆွေးနွေးတာမျိုးမရှိပါဘူး။ ဒါကြောင့်လည်း ဘယ်အသင်းကမှ တေ့တေ့ဆိုင်ဆိုင် ချိတ်ဆက်မှုတွေ ဆက်မလုပ်နိုင်ဘူးပေါ့။ ကိန်းဟာ အသင်းရဲ့ အရောင်းစာရင်းမှာ မပါတဲ့ ကစားသမားဖြစ်သလို ဘယ်လောက်ကြေးရရ ရောင်းမှာ မဟုတ်ပါဘူး" ဟု သတင်းပေးခဲ့သည်။

စပါးအသင်းမှာ ကွင်းသစ်တည်ဆောက်နေသော်လည်း ဘဏ္ဍာရေးအင်အားတောင့်တင်းသဖြင့် ငွေကြေးလိုအပ်မှုမရှိရာ အသင်း၏ အဓိက ကစားသမားများကို ဆက်ထိန်းရန် ကြိုးပမ်းမည်ဖြစ်သည်။ မန်ယူနှင့် အခြား ဥရောပအသင်းကြီးများက ချိတ်ဆက်မှုများရှိနေချိန်မှာပင် ကိန်းကိုယ်တိုင်က စပါးအသင်းတွင် မပျော်မရွှင်ဖြစ်နေတဲ့ စကား မည်သည့်အခါကမျှ ပြေကြားခြင်းမျိုး မတွေ့ခဲ့ရပေ။ ကိန်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက စပါးအသင်းနှင့် ငါးနှစ်ခွဲစာချုပ်သစ်ကို ထပ်မံချုပ်ဆိုကာ အနာဂတ်အတွက် သေချာမှုမရှိတော့ဟူသည့် ကောလာဟလများကို ချုပ်ငြိမ်းစေခဲ့သည်။

ငွေကြေးမြောက်မြားစွာ သုံးစွဲရမည်ဖြစ်သဖြင့် စိတ်လှုပ်ရှားနေကြောင်း ခရစ္စတယ်ပဲလေ့စ်နည်းပြသစ် ဖရန့်ဒီဘိုးဝါး ဖွင့်ဟ

ခရစ္စတယ်ပဲလေ့စ်နည်းပြသစ်ဖြစ်လာသူ ဖရန့်ဒီဘိုးဝါးက ပဲလေ့စ်တွင် ကစားသမားသစ်ခေါ်ယူမှုအတွက် ငွေကြေးမြောက်မြားစွာ သုံးစွဲရမည်ဖြစ်သည့်အတွက် စိတ်လှုပ်ရှားမိကြောင်း ပြောကြားခဲ့သည်။ ပဲလေ့စ်အသင်းပိုင်ရှင် အမေရိကန်ဘီလျံနာ သူဌေးကြီး ဂျို့စ်ဟားရစ်နှင့် ဒေးဗစ်ဘလစ်ဇာတို့က ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းကပင် ကစားသမားခေါ်ယူမှုအတွက် ငွေကြေးပိုမိုရင်းနှီးမှုပြုမည်ဟု ကတိပေးခဲ့ပြီးဖြစ်သည်။

အသက်(၄၇)နှစ်အရွယ် ဒက်ချ်လူမျိုး ဒီဘိုးဝါးမှာ ပဲလေ့စ်အသင်းနှင့် သုံးနှစ်စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ပဲလေ့စ်ကို တန်းဆင်းဇုန်မှ ကယ်ထုတ်ခဲ့သူ ဆမ်အလာဒ္ဒါက်စ်၏ နေရာကို ဆက်ခံသူဖြစ်လာခဲ့သည်။

ဒီဘိုးဝါးက ပဲလေ့စ်အသင်း၏ အဓိကရည်ရွယ်ချက်မှာ တန်းဆင်းဇုန်မှ ရုန်းထွက်နေရသော အနေအထားမျိုးမှ ရှောင်လွှဲနိုင်ရေးအတွက် အသင်းကို ကျစ်လျစ်တောင့်တင်းသည့်ပုံစံဖြင့် တည်ဆောက်သွားရေးဖြစ်ကြောင်း ဆိုခဲ့သည်။ ဒီဘိုးဝါးမှာ အေဂျင့်စ်အသင်းကို ၂၀၁၀မှ ၂၀၁၆ ခုနှစ်အထိ ကိုင်တွယ်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်ဆက်တိုက် လီဂ်ချန်ပီယံဖြစ်အောင် ဦးဆောင်ပေးနိုင်ခဲ့သည်။ သူသည် ပြီးခဲ့သည့်ရာသီက စီးရီးအေကလပ်အင်တာမီလန်အသင်းကို ကိုင်တွယ်ခဲ့သော်လည်း အောင်မြင်မှုမရရှိဘဲ သက်တမ်း ၈၅ ရက်အကြာ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက ထုတ်ပယ်ခံလိုက်ရသည်။

၂၀၁၇ ခုနှစ်မှာ အခက်ခဲဆုံးနှစ်ဖြစ်နေကြောင်း ဂျီကိုဗစ် ညည်းတွား

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျီကိုဗစ်က လက်ရှိ ကမ္ဘာ့အဆင့်(၄)နေရာအထိ ရောက်ရှိနေပြီး ပြိုင်ပွဲကြီးငယ်တွေမှာလည်း သိသိသာသာ လက်ရည်ကျဆင်းနေရာ ၂၀၁၇ ခုနှစ်မှာ သူ၏ တင်းနစ်ကစားသမားဘဝ အခက်ခဲဆုံးနှစ်ဖြစ်နေကြောင်း အိစ်ဘော်နီပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်နေစဉ်အတွင်း ဝန်ခံစကားဆိုခဲ့သည်။ ယခုကဲ့သို့ ကမ္ဘာ့အဆင့် ရပ်တည်မှုကျဆင်းသွားခြင်းမှာလည်း ၂၀၁၁ ခုနှစ်နောက်ပိုင်း သူ့အတွက် ပထမဦးဆုံးအကြိမ် ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဘီဘီစီသတင်းထောက် ဖယ်လာနှင့် တွေ့ဆုံရာတွင် ဂျီကိုဗစ်က ၂၀၁၇ ခုနှစ်အတွင်း သူ၏ သတ်မှတ်တင်းနစ်စံနှုန်းတစ်ရပ် ကျဆင်းနေခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဂျီကိုဗစ်မှာ ဇန်နဝါရီ ၈ ရက်က ကာတာအိုးပင်းဖလားကို ဆွတ်ခူးခဲ့သော်လည်း ဩစတြေးလျအိုးပင်း ဒုတိယပတ်လည်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၁၁၇) ဒန်းနစ်အက်စ်တိုမင်ကို အံ့အားသင့်ဖွယ်အရေးနိမ့်ခဲ့သလို ပြင်သစ်အိုးပင်းမှာလည်း လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့ လုံ့လောက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ သီယမ်ကို လက်ရည်အပြတ်အသတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ဂျီကိုဗစ်အပေါ် ဂျွန်မက်အီရိုးက မေးခွန်းထုတ်ခဲ့သည်။

ဂျီကိုဗစ်မှာ နည်းပြ ဘောရစ်ဘက်ကာနှင့် လမ်းခွဲခဲ့ပြီးနောက်ပိုင်း ကာလရှည်လက်တွဲလာသူ မာရီယန်ဗက်ဂျာကလည်း ပြင်သစ်အိုးပင်းမတိုင်မီ နည်းပြအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သွားရာ ဂျီကိုဗစ်က "ဆိုးဝါးတဲ့ ကုထုံး"အဖြစ် အမည်တပ်ခဲ့သည်။ လက်ရှိတွင် အမေရိကန် တင်းနစ်ကစားသမားဟောင်း အဂ္ဂါစီနှင့် လက်တွဲအလုပ်လုပ်နေပြီး ဝင်ဘယ်လ်ဒန်အိုးပင်းပြီးဆုံးသည်အထိ ဆက်လက်လက်တွဲမည်ဖြစ်သည်။

နောက်ဆုံးရ အပြောင်းအရွှေ့သတင်းတိုများ

- ဂျူဗင်တပ်နောက်ခံလူ ဒန်နီအဲလ်ဗက်စ်မှာ ယခုရက်သတ္တပတ်အတွင်းမှာပဲ ဆရာဟောင်း ဂွါဒီယိုလာ ရှိရာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေပြီဖြစ်သည်။
- မန်ယူအသင်းမှ အလိုရှိနေသော ရိုးမားကစားသမား နိုင်ဂိုလန်က ယခုထိ အပြောင်းအရွှေ့ကိစ္စရပ်ကို ရေငုံနှုတ်ပိတ်နေဆဲဖြစ်ရာ မန်ယူသို့ လာရောက်ပူးပေါင်းလိုစိတ် နိုင်ဂိုလန်တွင် ပျောက်ဆုံးနေတယ်လို့ အီတလီသတင်းရင်းမြစ်များက ဇောင်းပေးဖော်ပြနေသည်။
- စပါးအသင်းသည် ဘာစီလိုနာ လူငယ်ကစားသမားလေး ကားလက်စ်အယ်လီနာကို ပြောင်းရွှေ့ကြေးပေါင် ၂ ဒသမ ၆ သန်းမှ ပေါင် ၁၀ ဒသမ ၅ သန်းအကြား ပေးချေခေါ်ယူရန် နီးစပ်နေပြီး ဇူလိုင်လ ဆန်းမှာပင် ပြီးပြတ်သွားဖွယ်ရှိသည်။
- မိုရာတာ၏ ဇနီး အီတလီအလှဘုရင်မ အဲလစ်ကန်ပယ်လိုက အင်စတာဂရမ်တွင် မန်ယူအသင်းကို Follow လုပ်ခဲ့ရာ သူ၏ခင်ပွန်းကို မန်ယူသို့ရောက်ရှိရန် တွန်းအားပေးနေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။
- လာကာဇက်တီနှင့် အာဆင်နယ်တို့ သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်သည်ဟူသော သတင်းများ ထွက်ပေါ်လာအပြီးတွင် ဝက်စ်ဟမ်းအသင်းသည် အာဆင်နယ်မှ ထုတ်ရောင်းဖွယ်ရှိနေသော တိုက်စစ်မှူး ဂျရူးကို ကလပ်အသင်းစံချိန်တင်လစာ တစ်ပတ်ပေါင် ၁၃၀၀၀၀ ပေးချေမည်ဆိုသော စကားဖြင့် ခေါ်ယူနိုင်ရန် အားထုတ်လာပြီဖြစ်ကြောင်း သိရသည်။

(၂၁)နှစ်ပြည့်မင်္ဂလာရက်မြတ်
၂၄-၆-၂၀၁၇

ဖေဖေ **ဦးမင်းနိုင်ဦး**-မေမေ **ဒေါ်အေးအေးမြတ်** တို့၏ ၂၄-၆-၂၀၁၇ရက်တွင် ကျရောက်သော (၂၁)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် စိတ်ချမ်းမြေ့စွာ လက်တွေ့ဘဝနှင့်ဆန္ဒ ထပ်တူကျပြီး ချစ်သော သားသားနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအောက်ရှိ ပြည်နယ် (၃)ခုနှင့် ခရိုင်(၂၄)ခရိုင်တို့တွင် အဆင့်မီ ဓာတ်ခွဲခန်းပါဝင်သော ရုံးအဆောက်အဦးနှင့် ဆက်စပ်အဆောက်အဦးများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းရှိ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃၀-၆-၂၀၁၇ရက်
- နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၈-၇-၂၀၁၇ရက်
- နေရာ - အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန နေပြည်တော်

တင်ဒါဖွင့်မည့်ရက်ကို ထပ်မံကြေညာပါမည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ပြည်ကြီးဧရိယာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၃၅၈၆၊ ၀၆၇-၄၀၃၀၁၂

KYAW PANDA Engineering Co.Ltd.,
PANDA Air-Con Sale & Service Centre

- Air-Con Brand New များ Dealer ရောနှောနိုးအတိုင်ရောင်းချခြင်း
- Air-Con Installation, Servicing, Repairing ပြုလုပ်ပေးခြင်း
- ရေနွေးသေတ္တာ အဝတ်လျှော်စက်၊ အဝတ်အခြောက်စက်၊ Boiler နှင့် Heater များ ပြန်လည်ခြင်း၊ တပ်ဆင်ပေးခြင်းတို့တို့ အိမ်အရောတက် ဈေးနှုန်းချိုသာစွာဖြင့် ရေနှစ်ဖြီး ပြုလုပ်ပေးပါသည်။

တိုတေးနိုင် CAR RENTAL

- ဖြိုးကွင်းဖြိုးပြင် စီးစဉ်အချိန်ချိန်းအလျှော် ALPHARD, HIACE (အံဆာတိုး) တာဝေးများ ငှားရမ်းနိုင်ပါသည်။

09 515 8803, 09 253 582510, 09 732 29024;
e-mail: kaw@pandaaircon.com
No.130(B), G/F, Upper 94th St., By Daw Thein Tin Road, MTNT

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘဝသောက်မှ ၅မိနစ် သစ္စာဘီး၊ ခရေသောက်တမ်းခရာက်လှည့် ၅မိနစ်ဆိုက်ကားနီး၊ ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အစေနံ့ကိုင်း အဲကွန်း ရှိသည်၊ မီးပျက်လျှင်မီးစက်အမှောင်းသည်၊ (၁၃၃၇) ခိုင်လမ်းမှ(၁)လမ်း ညောင်ခရေလုပ်ကွက်၊ ခရေပြိုနယ်၊

☎ ၀၁ ၂၄၆၁၁၅
၀၉ ၂၅၀၆၆ဖ
၀၉ ၄၆၂၅ ၂ ၅ ၅
၀၉ ၂၅၂ ၀ ၂ ၅ ၅ ၃ ၃

ခေါ်ဆိုခ ၁၁,၀၀၀ ကျပ်
ညအိပ်ခ ၂,၀၀၀ ကျပ်

---

iSrnf

ဒဂုံမြို့နယ်၊ စမုံလမ်း၊ နဝရတ် Condo ၃လွှာ ပါကေးခင်း၊ 2MR, 4AC, 1500 Sqft

Ph:09-262366488, 09-5019540, 09-43152457

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် - 8H-9518 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်နှင့်(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

GLORY Electronic

Air con; ရေခဲသေတ္တာ
အဝတ်လျှော်စက်၊ ရေမှုန်
တယ်ဆင်ပြန်ပြင်ရောင်းဝယ်ရေး
လျှပ်ကြီးပင်းတို့စိတ်တိုင်းကျ
ထောင်ရွက်ပေးပါသည်။

09-450 444 942
09-440 655 502

ဝန်ထမ်းအပြန်အလှန်ရှိသည်

Delta Mate Myanmar Co.,Ltd. မှ အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) HR
(၂) Office Staff
အမှတ်စဉ် (၁)နှင့် (၂) အတွက် အင်္ဂလိပ်ဘာသာ ဆောင်းရွက်နိုင်ရာ ပြောဆိုနိုင်ရမည်။ ကွန်ပျူတာ(Excel & Microsoft Word)ကောင်းရွက်နိုင်ရာ အသုံးပြုနိုင်ရမည်။ အထူးအကြိုး (၂)နှစ်အထက်ရှိရမည်။
(၃) တရုတ်စကားပြန်
ကွန်ပျူတာ (Excel & Microsoft Word)ကောင်းရွက်နိုင်ရာ အသုံးပြုနိုင်ရမည်။
(၄) Inspector
Civil မဟာနှင့် ကျောင်းကြီးဘဲဆုပြုနိုင်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်ကြောင်းအတွေ့အကြုံ (၃)နှစ်အထက်ရှိရမည်။

Williamkim@deltamatehtd.com
chitmoehwin@gmail.com

ဆရာချို(ရွှေပ)

ကန်းဘွဲ့သစ် ရွှန်လ(၁၈)ရက်နေ့ကြီး
၈.၉.၁၀ တန်း
ရွေးသီးသန့်နှင့်ဘာသာနံစာသင်ခိုင်း
၂၀၁၇တက္ကသိုလ်ဝင်စာမေးပွဲမှာ အောင်မှတ်(၉၅)%

(ဖုန်း- ဦးပိုက်သစ်၊ ဗဟိုခေတ်ပင်(ရေနွေးတန်း)) ဖုန်း-၀၉ ၇၉၇၅၃၀ ၂၂

ပျောက်ဆုံးကြောင်း

THAE YOE MAUNG Co., Ltd. ၏ သွင်းကုန်တိုင်ဝင်အမှတ်- W Q IL V 17-18 2594 (13-6-2017) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉ ၇၉၇၅၃၀ ၂၂

ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ အထက-၀ခေါင် ဒသမတန်း(D)မှ မောင်မင်းအာကာကျော်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင်ဖြစ်ပါသည်။

Holiday အခြေခံယာဉ်မောင်းစက်မြင်သင်တန်းကျောင်း
၂၀၁၇-ဇူလိုင် (၃) ရက်နေ့ ဖွင့်မည်

- အခြေခံယာဉ်မောင်းစက်ကြင်ဝတ်ဝတ်ရှိနိုင်သင်တန်း
- ဓာတ်ကြိုင်အထူးပေါ်ပေါ်ရေ (၂)ဘေဘင်တန်း

(နေ့ပတ်ဝေးကျောင်းသား / သူများအတွက် ၄နေ့ရေးထိုင်ရေးစီစဉ်ပေးသည်။)
အမှတ်ငုဝ (၈)၊ သာယာလမ်း ၁၀ ရပ်ကွက်
ထန်းခြောက်ပင်မှတ်တိုင်အနီး ရွှေပြည်သာမြို့နယ်
၀၉-၄၂၂၂၀၆၇၃ ၀၉-၄၂၂၂၀၆၇၄ ၀၉-၃၂၁၀၄၇၃၀

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသာအန်ဝီး [၁၂/ ဒဂဝ(မြို့)]ဝဏ္ဍ၊ ၂၇၂၏ နိုင်ငံသားစိစစ်ရေးကဒ် နိုင်ငံကူးလက်မှတ် ယာဉ်မောင်းလိုင်စင်၊ ဘဏ်လက်မှတ်နှင့် အရေးကြီးစာရွက်စာတမ်းများမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း- ၀၉ ၇၉၇၅၃၀၁၀၀၀၊ ၀၉ ၂၀၁၅၀၈၆၁ ၀၉ ၅၇ ၂၀၁၅၀၈၆

မြေညီထပ်ငှားမည်

လသာမြို့နယ်၊ လသာလမ်း(အထက်လမ်း) မြန်မာနိုင်ငံစာစစ်ရုံးမျက်စောင်းထိုး ပေ(၁၂½×၆၀) မြေညီထပ် (၂၂)သိန်း။

ဖုန်း-၀၉၅၀၂၀၈၀၀၀၊ ၀၉ ၅၁၄၁၆၆၇

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းဒေသ အမက(လွန်) ဆဋ္ဌမတန်းမှ (ဘ)စောစိန်ထွန်း(၇/ကကန (နိုင်)၀၄၅၅၅၄)၏ သမီး နော်ခန္ဓာတံမွှ်(ခ)နော်ခီးလာဖေါ်(ခ)နော်ဝေးကဗျာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နော်ဝေးကဗျာ

ရေလှာနေ့ဖြင့်အဖြန်ခရောင်းငှားမည်(ပွဲစားမလို)

* ရန်ကင်း၊ပါရမီမိုင်သာ(မဟာလမ်း)(၇၀×၇၃)ပေအကျယ်ရှိ မြေးနေရာအလွန်ကောင်း ဈေးနှုန်း-၇၃၀၀ သိန်း
* အင်းစိန်၊မင်းကြီးလမ်းမပေါ်(၃၄၀၀)စတုရန်းပေအကျယ်ရှိ (၁)ထပ်တိုက်၊နေရာကောင်း ဈေးနှုန်း- ၃၄၀၀ သိန်း
* မရမ်းကုန်း(၇)မိုင်ကုန်းမြင့်ဝိုင်းသာ(၃၀×၆၀)ပေအကျယ်ရှိ (၃)ထပ်တိုက်၊အိပ်ခန်း(၄)ခန်း ဈေးနှုန်း- ၂၄၀၀ သိန်း
* မ/ဒဂုံ၊ပြည်ထောင်စုလမ်းမပေါ်(၄၀×၆၀)ပေ အကျယ်ရှိ မြေ(ဂရန်)၊လုပ်ငန်းသင့် ဈေးနှုန်း-၁၆၀၀ သိန်း
* ရန်ကင်း၊အောင်ဇေယျလမ်းမပေါ်(၃၀×၁၂၀) ပေအကျယ် ရှိမြေ ၊နှစ်ထပ်လုပ်ငန်းလက်စ ဈေးနှုန်း- ၃၅ သိန်း
* မရမ်းကုန်း(၉)မိုင်၊ပြည်လမ်းသန့်(၁၀၀×၁၀၀)ပေအကျယ် ရှိ(၂)ထပ်တိုက်၊MBR-4,AC-5 ဈေးနှုန်း-၁၈ သိန်း

09-5080073, 09-422888853, 09-442700828

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇)၊ ကျောင်းဆင်းအရာရှိ ပီသားစုများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများ ပြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အောက်ပါ သားသမီးလူရည်ချွန်များအား ဖိဘများ နှင့်အတူ တေဇ(၁၇) ကျောင်းဆင်းသူငယ်ချင်းမိသားစုများမှ အထူးဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် ထူးချွန်ထက်မြက်သည့် လူချွန်လူမွန်များအဖြစ် နိုင်ငံ့တာဝန်ကို သယ်ပိုး ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည် -

(၁) ဗိုလ်ကြီးနိုင်စိုးဦး(ငြိမ်း)+အေးမြမြင့်(ငြိမ်း)တို့၏ သမီး မအင်ကြင်းစံ (ဆအဂ-၁၂၀)။ (၆)ဘာသာဂုဏ်ထူး
(၂) ဒုတိယဗိုလ်မှူးကြီး ကြည်းရိုင် + အေးနိုင်နိုင်လွင်တို့၏ သား မောင်ကောင်းမင်းဆက် (ဆသက-၅၁၄)၊ (၅)ဘာသာဂုဏ်ထူး
(၃) ဗိုလ်မှူးလေးနိုင်(ငြိမ်း)၏ သား မောင်ကောင်းအုပ်စိုး (ဆမဒ-၂၇၂)။ (၄)ဘာသာဂုဏ်ထူး
(၄) ဗိုလ်ကြီးဇော်မိုး(ငြိမ်း)၊ဒု-ညွှန်ချုပ်(ငြိမ်း)+ဗိုလ်ကြီးအေးကြွေဝတ်မုံ(ငြိမ်း)တို့၏ သမီး မသိရိဝေ (နဥန-၁၂၅)။ (၃)ဘာသာဂုဏ်ထူး
(၅) ဗိုလ်ကြီးဝိုးခိုင်ထွန်း(ငြိမ်း)(အထွေထွေအုပ်ချုပ်ရေးမှူး၊ တွံတေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)+ အေးခိုးသီတာထွန်းတို့၏ သမီး မလင်းမေမေထူး(မလ-၇၀၈)။ (၃)ဘာသာဂုဏ်ထူး
(၆) ဗိုလ်မှူးရဲဝင်းအောင်(ငြိမ်း)+ရဲအုပ်အေးအိအိဝင်(ငြိမ်း)တို့၏ သမီး မညွှန်းထက်ဝင်းအောင် (ကမ-၅၃၃)
(၇) ဗိုလ်ကြီးအောင်ကျော်ထူး(ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး၊ ခွဲခြမ်းရေးမှူး ပူတာအိုခရိုင်)+ အေးယင်ယင်လှတို့၏ သမီး မဆုရတနာ (နဇမ-၂၅၂)

တေဇ(၁၇)ကျောင်းဆင်းသူငယ်ချင်းမိသားစုများ

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးစန်းအောင် ကိုင်ဆောင်သော သင်္ဘောသားလုပ်သက်စာအုပ် ရန်-၈၅၁၂/၁၄ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၅၀၅၉၁ ၀ ၃ ၃

---

ayﬁufqﬁif

ကျွန်တော် ဦးကျော်ထွန်းဝင်း ကိုင်ဆောင်သော သင်္ဘောသားလုပ်သက်စာအုပ် ရန်-၂၂၀၉/၂၀၀၇ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၄၅၀၅၉၁ ၀ ၃ ၃

---

trnﬁjymif

သုံးခွဲမြို့နယ်၊ ကတုံးပေါ် အလယ်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မဆုမြတ်မွန်အား မစုမြတ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

မစုမြတ်မွန်

---

zciﬁtrnﬁef

သုံးခွဲမြို့ အထက(၁) ဒသမတန်း(B)မှ မမ်ိမ်ိစ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသန်း [၁၂/သခန(နိုင်)၀၇၆၁၉၅] ဖြစ်ပါကြောင်း။

ဦးမျိုးမင်းသန်း

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၃၇၇၊ ဧရိယာ-အလျား ၄၂ × အနံ ၆၀' ရှိ နှစ်(၆၀)မြေဌားဂရန်မြေကွက်အနက်မှ တရားခံတိုင်းကာ ခွဲစိတ်ပြင်းမရှိသေးသော မြေရင်းပြင်းဧရိယာ- ၂၀' × ၆၀' ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁-ရပ်ကွက်၊ ဇေယျာသိန်လမ်း အမှတ်-၃၇၇ တရားခေါ်တွင်သည့် နှစ်(၆၀)မြေဌားဂရန်မြေကွက်အပေါ်အဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အပည်ပေါက်သူ အေးလှကြည်(CF-၀၂၂ရေရှည်၊ ၁၂/သဃက(နိုင်)၁၁၄၇ ၂)ထံမှ ကျွန်ုပ်တို့ဆီပြန်ပေးကာ အပြီးအပိုင်ဝယ်ယူရန် ရောင်းဝှေ့ခဲ့ပြီး ကြေးငွေ(၁)ကျပ်ကျော်ကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုရေးရေ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် တာဝန်ယူကိုယ်တိုင် ထပ်လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်သက်မှတ်ရက်ကန့်ဆုံးရယူသည်ကိုင် ကန့်ကွက်ယည်ကမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ယည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားဒေတာအရ -

ဒေါ်သန်းသန်းဦး (I.L.B.)
အထက်တန်းရေ့ရှေ့ (ရင့်-သရေဝတ)

ဒေါ်သဇင်ခင် (I.L.B., D.B.I., D.I.I.)
တရားလွှတ်တော်ရေ့ရှေ့ (ရင့် - ဝဒ္ဓဝတ)

ဦးခင်ခင်သီတခေါင် (I.L.B.,D.B.I.)
အထက်တန်းရေ့ရှေ့ (ရင့်-ဂုဏ်ဝန)

အမှတ်-၃၃၊ တပင်ရွှေထီးလမ်း၊ ၁၁-ရပ်ကွက်၊ အင်္ဂါမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း -၀၁- ရ၀ခ၇ဒ၄ ၊ ၀၉-ရ၀-ဂ၇ရ၃ ၂ ၊ ၀၉-ဂ၆ရ၆ခ၇ရ၃၊ ၀၉-ဂ၆ရ၆ခ၇ရ၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ရေခွန်၊ ရေခပြင်ဆင်ကောက်ခံမှုနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တွေ့ဆုံရှင်းလင်း

ချမ်းအေးသာစံ ဇွန် ၂၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ ရေခွန်၊ ရေခပြင်ဆင်ကောက်ခံမှုနှင့်ပတ်သက်၍ ပြည်သူလူထုနှင့်တွေ့ဆုံရှင်းလင်းပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၂ လမ်းထောင့်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီခြောက်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်နှင့် ဦးကျော်ဇောအောင်တို့က ရေခွန်၊ ရေခများပြောင်းလဲကောက်ခံရသည့်အကြောင်းရင်းများကိုလည်းကောင်း၊ ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါ်ခင်မေဌေးက မန္တလေးမြို့ရေပေးရေးဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ အခွန်ဌာနမှူး ဦးဝင်းမောင်က ရေခွန်ကောက်ခံမှုနှင့်ပတ်သက်၍လည်းကောင်းရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက အကြံပြုဆွေးနွေးချက်များ မေးမြန်းဆွေးနွေးရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဌာနမှူးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေပေးဝေရေးတွင် လက်ရှိကောက်ခံနေသော ရေမီတာနှုန်းထားများအား ၂၀၁၇ ခုနှစ် (ဧပြီ၊ မေ၊ ဇွန်) အရစ်နှင့် ကျိုးရေပေးရေးတွင် (ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာ) အရစ်မှစတင်ပြီး ပြောင်းလဲကောက်ခံမည့်နှုန်းထားများမှာ ရေမီတာတစ်ယူနစ်ဂါလန် ၂၂၀ အား ယခင် စ၅ ကျပ်မှ ၂၀၀ ကျပ်သို့လည်းကောင်း၊ စီးပွားရေးသုံး တစ်ယူနစ် ၁၁၀ ကျပ်မှ ၂၆၀ ကျပ်သို့လည်းကောင်း၊ ပြည်တွင်းလုပ်ငန်းရှင်စက်ရုံ အလုပ်ရုံသုံး တစ်ယူနစ် ၄၄၀ ကျပ်မှ ၆၆၀ ကျပ်သို့လည်းကောင်း၊ နိုင်ငံခြားလုပ်ငန်းရှင်စက်ရုံသုံး တစ်ယူနစ်ကျပ် ၈၈၀ မှ ၁၁၀၀ ကျပ်သို့လည်းကောင်း၊ ကျိုးရေပေးရေး ၁/၂လက်မပိုက် တစ်လကျပ် ၁၅၀၀ မှ ကျပ် ၄၀၀၀ သို့လည်းကောင်း၊ ၃/၄ လက်မပိုက် တစ်လကျပ် ၂၅၀၀ မှ ကျပ် ၅၀၀၀ သို့လည်းကောင်း၊ တစ်လက်မပိုက် တစ်လကျပ် ၃၀၀၀ မှ ကျပ် ၆၀၀၀ သို့လည်းကောင်း၊ ၁ ဒသမ ၂၅ လက်မပိုက် တစ်လကျပ် ၅၀၀၀ မှ ကျပ် ၉၀၀၀ သို့လည်းကောင်း၊ ၁ ဒသမ ၅၀ လက်မပိုက် တစ်လကျပ် ၇၅၀၀ မှ ၁၂၀၀၀ ကျပ်သို့လည်းကောင်း၊ နှစ်လက်မပိုက် တစ်လ ၁၅၀၀၀ ကျပ်မှ ကျပ် ၂၀၀၀၀ သို့လည်းကောင်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်းပေးဆောင်ခြင်းမရှိသော ရေမီတာခွန်၊ ကျိုးရေခများအားကြွေးကျန်အဖြစ် သတ်မှတ်၍ ရက်လွန်ဒဏ်ကြေးများဖြင့် ကောက်ခံသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေဖြန်းဖြူးခြင်းလုပ်ငန်းအတွက် ကျပ် ၅ ဒသမ ၂၃၆ သန်းကုန်ကျခဲ့သော်လည်း ရေမီတာများနှင့် ကျိုးရေမှကောက်ခံရရှိငွေမှာ ကျပ် ၁ ဒသမ ၅၂၇ သန်းသာရရှိခဲ့သဖြင့် ကျပ် ၃ ဒသမ ၇၀၈ သန်း အနှုန်းပေါ်ခဲ့ပြီး လျှပ်စစ်မီတာခပေးချေရင်းမှာ ကျပ် ၃ ဒသမ ၂၂၆ သန်းခန့် ရှိခြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ကော်မတီဝင်များ၊ ရေနှင့်သန့်ရှင်းမှုဌာနနှင့် အခွန်ဌာနများမှ ဌာနမှူးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သတင်းမီဒီယာများတက် ရောက်ကြသည်။

မောင်ပြည်သူ(မန္တလေး)

သစ်ခွပန်းပင်ပျိုးဝုန့် အပွင့်များစိုက်ပျိုးခြင်းမြင်ဝင်ငွေကောင်း

ကျောက်ဆည် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာအသီးသီးတွင် သစ်ခွပန်းပင်မျိုးစုံစိုက်ပျိုးခြင်းနှင့် သစ်ခွပန်းပွင့်ရောင်းချသူများ ရောင်းအားကောင်းပြီး ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

သစ်ခွပန်းမျိုးစုံကို အလျှမဂ်လာပွဲ၊ မွေးနေ့ပွဲ၊ ဂုဏ်ပြုပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများတွင် အမျိုးသမီးကြီးများနှင့် အမျိုးသမီးငယ်များ ဆံကေသာအလှဆင်ပန်းအဖြစ် အသုံးပြုလျက်ရှိရာ ယခင်က မန္တလေးမြို့နှင့် ရှမ်းပြည်နယ်များတွင်သာ ထွက်ရှိသောကြောင့် စျေးကောင်းပေး၍ ဝယ်ယူရသည်။ ယခုအခါ ဒေသအသီးသီးတွင် စိုက်ပျိုးလျက်ရှိသည့်အနက်မှ ဟန်မြင့်မိုရ်ကျေးရွာ သီရိဇာဇာပျိုး ဥယာဉ်မှ သစ်ခွပန်းမျိုးစုံကို ခေတ်မီနည်းစနစ်ဖြင့် အရိပ်ရအမိုးအကာများ ပြုပြင်ဖန်တီး၍ ရေကို တစ်နေ့နှစ်ကြိမ် ပက်ဖျန်းပေးခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါသစ်ခွပျိုးပင်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှဝယ်ယူစိုက်ပျိုးရာ မျိုးပွားအပင်များကို ၂၀ ရာခိုင်နှုန်းအမြတ်တင်၍ ရောင်းချလျက်ရှိကြောင်း၊ အပွင့်တစ်ပွင့်လျှင် ၂၀၀၀ ကျပ်မှ ၃၅၀၀ ကျပ် အပွင့်ပါအပင် ရောင်းဈေး ကျပ် ၃၀၀၀ မှ ကျပ် ၈၀၀၀ အထိ ရောင်းရသောကြောင့် နေအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုနေ့စဉ်အပိုဝင်ငွေကောင်းမွန်ကြောင်း သိရသည်။

ခင်မောင်လွင်

ဥတ္တရသီရိမြို့နယ် ငလိုက်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် ဇွန် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးရိက္ခာဖူလုံရေး၊ ငါးထုတ်လုပ်မှုတိုးတက်စေရေးနှင့် ငါးမျိုးပြန်းတီးခြင်းမှ ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ဆည်၊ ရေလှောင်တမံ၊ သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ဆည်ကန်ကျေးရွာရှိ ငလိုက်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်းတစ်ခုစီ တည်ဆောက်ထားပြီးကြောင်းနှင့် နေပြည်တော်အတွင်းရှိ မြို့နယ်များမှ ငါးသားပေါက်စခန်းများတွင် အခြေခံငါးမွေးမြူရေးသင်တန်းများ၊ ငါးဆေးထိုးသားပေါက်သင်တန်းများ ပို့ချသွားမှာဖြစ်ကြောင်း။ ငါးသားပေါက်စခန်းမှ ထွက်ရှိလာတဲ့ငါးများကို ဆည်၊ ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများအား အခမဲ့ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးတင်ထွန်းလွင်က ပြောကြားသည်။

ထို့နောက် ရေဆင်းငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲအား နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးတင်ထွန်းလွင်၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ဥတ္တရခရိုင်နှင့် ဒဂ္ဂီဇာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးစခန်းမှ ဝန်ထမ်းများနှင့် ကျေးရွာရပ်မိရပ်ဖများက စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ရွှေရဲရင့်

သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ ရေများလျှဒါန်း

ညောင်ဦး ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့်ကျေးရွာများမှ ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် ပုဂံမြို့ ရတနာဘုံစံတောရကျောင်း နာယကဆရာတော် ဦးသာဂရဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေလှူတော်အသင်းမှ အသင်းသားများက သောက်သုံးရေများ စဉ်ဆက်မပြတ် ကွင်းဆင်းလှူဒါန်းပေးလျက်ရှိရာ ဇွန် ၂၆ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် မကျီးတန်းကျေးရွာ အိုင့်မတဲတိုက်နှင့် ညောင်ဦး-ကျောက်ပန်းတောင်းသွားလမ်းပေါ်ရှိ ခရီးသွားပြည်သူများနားခိုရာ ဂတုန်းရေချမ်းစင်များသို့ သွားရောက်၍ ရေသယ်ယာဉ်များဖြင့် လှျဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သောက်သုံးရေများ ဖြည့်တင်းလှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် မကျီးတန်းကျေးရွာမှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ အိုင့်မတဲတိုက်မှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ ညောင်ဦး-ကျောက်ပန်းတောင်းသွားလမ်းပေါ်ရှိ ခရီးသွားပြည်သူများနားခိုရာ ဂတုန်းရေချမ်းစင်များသို့ သွားရောက်၍ ရေသယ်ယာဉ်များဖြင့် လှျဒါန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဓနုတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့ မြေပြန့်ဒေသဘုရားထီးတင်ပွဲများတွင် အခမဲ့လာရောက်ကပြ

မန္တလေး ဇွန် ၂၇

တောင်ကြီးမြို့နယ် လူရိုးတောင်ကျေးရွာမှ ဓနုတိုင်းရင်းသားရိုးရာအကအဖွဲ့မှာ မြေပြန့်ဒေသဘုရားထီးတင်ပွဲများတွင် အခမဲ့လာရောက်ကပြခြင်းများကို ပြုလုပ်လာသည်။ သာသာနာပြုသည့်ပွဲများဖြစ်သည့်အတွက် လာရောက်ကပြဖျော်ဖြေခြင်းပင်ဖြစ်သည်။ မြေပြန့်ဒေသတွင်ပြုလုပ်သော ရှင်ပြုနှားသအလှူပွဲများတွင်လည်း ကုသိုလ်ဖြစ် အခမဲ့ဖျော်ဖြေကာ ကုသိုလ်ယူမည်ဖြစ်ကြောင်း သိရသည်။

အလှူရှင်များမှာ ကားဆီဖိုးမျှသာ ပေးရသည်။ ကပြဖျော်ဖြေမှုမှရရှိသော ဆုကြေးငွေများကိုသာ ယူလေ့ရှိသည်။ ဓနုတိုင်းရင်းသားရိုးရာအကအဖွဲ့တွင် အိုးစည်တီးသူနှင့် ကပြဖျော်ဖြေသူအပါအဝင် လူငယ် ၃၃ ဦးပါဝင်သည်။ လက်ရှိကာလတွင် အမရပူရမြို့နယ်ရှိ ဘုရားထီးတင်ပွဲများတွင် အခမဲ့လာရောက်ဖျော်ဖြေပေးလျက်ရှိသည်။ မြေပြန့်ဒေသမှလည်း ဓနုတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများကို အားပေးသူများပြားလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

မိုးညှင်းမြို့နှင့် ဝိုင်းမော်မြို့နယ်များတွင် မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ

မိုးညှင်း ဇွန် ၂၇

၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲများကို အမြို့မြို့အနယ်နယ်တွင် ပြုလုပ်လျက်ရှိရာ ဇွန် ၂၆ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပမှုများကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက မိုးညှင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းတွင်ပြုလုပ်ရာ မိုးညှင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် သစ်တောဝန်ထမ်းများ၊ မိုးညှင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်ထွန်းနှင့် အသင်းဝင်များ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဆွေနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၃၀၀ ခန့် တက်ရောက်ကာ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုးနှင့် အရိပ်ရလေကာပင်များ ဖြစ်သည့် ယူကလစ်၊ အောင်သပြေ၊ ပင်လယ်ကဗီး၊ မဟော်ဂနီ၊ ကံ့ကော်နှင့် ဗာဒံပျိုးပင်ပေါက် ၃၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ဝိုင်းမော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ နံနက် ၈ နာရီက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၂၀၀ ခန့်က ရတနာတန်းဝင် ပျဉ်းကတိုးပျိုးပင် ၂၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သူရိန်နိုး(ကချင်မြေ)

အခြေခံပညာအထက်တန်းကျောင်း(၃)မှ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

ကနီ ဇွန် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ယာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(၃)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၂၄ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ယာကြီးအခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ ယင်းမာပင်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားအားဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားစတင်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ ယင်းမာပင်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးဝင်းနှင့် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုးတို့က အဖွင့်အမှာစကားပြောကြားပြီး ယာကြီးအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာဦးက ယာကြီးကျောင်း၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အလျှုရှင် ဦးသိန်းကျော်နှင့် ဇနီးဒေါ်ဆယ်တို့က ယာကြီးအခြေခံပညာအထက်တန်းကျောင်း ငွေပဒေသာပင်အတွက် အလျှုငွေတစ်သိန်း လျှုဒါန်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်ခဲ့သည်။

“ ကျွန်တော်တို့ ယာကြီးကျေးရွာဟာ ကနီမြို့နှင့် ၁၆ မိုင်ကွာဝေးသဖြင့် ကျွန်တော်တို့သားသမီးတွေရဲ့ ပညာရေးသင်ကြားခွင့်က အလွန်ခက်ခဲရပါတယ်။ အခုဆိုရင် ကျွန်တော်တို့ကျေးရွာမှာ သားသမီးတွေကို ဆယ်တန်းအထိ ပညာသင်ကြားရတော့မှာဖြစ်တဲ့အတွက် မျှားစွာဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလို ရွာမှာတင် ပညာသင်ကြားခွင့်ရတော့ တစ်နယ်တစ်ကျေးကျောင်းသွားထားရတော့ မိဘတွေက သားသမီးကို စိတ်မချဖြစ်ရမှုတွေကနေ ကင်းဝေးပြီး မိမိတို့နှင့် အိုးမကွာအိမ်မကွာ ပညာသင်ကြားခွင့်ရရှိ၍ ကျေးရွာမိဘပြည်သူများ ကိုယ်စား ကျေးဇူးတင်ပါတယ်” ဟု ကျေးရွာရပ်မိရပ်ဖ ဦးမြတ်မိုးက ကျေးဇူးတင်ဝမ်းသာစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

ရေလှောင်တမံများကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး

ပဲခူး ဇွန် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မိုးရာသီအတွင်း ရေကြီးနစ်မြုပ်မှု လျှော့ပါးသက်သာစေရေးနှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးတို့အတွက် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ ထိန်းသိမ်းပြုပြင်တည်ဆောက်ခြင်း၊ ရေလှောင်တမံ/ရေတံခါးများ ကြံ့ခိုင်မှုရှိစေရေးအတွက် ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် ဦးစီးအရာရှိ ဦးဇော်မျိုးနိုင်နှင့်အတူ ပဲခူးခရိုင် ပဲခူးမြို့နယ် မဇင်းရေလှောင်တမံနှင့် ဇလက်ထော်ရေလှောင်တမံများသို့ ဇွန် ၂၆ ရက် မွန်းလွဲပိုင်းက သွားရောက်ပြီး ရေလှောင်တမံ၊ ရေထုတ်ပွေ့နှ်၊ ရေပိုလွှဲ၊ မိုးရေချိန်စခန်းများကို အသေးစိတ်ကြည့်ရှုပြီး တမံအတွင်းရေဝင်ရောက်မှုအခြေအနေ၊ မိုးရာသီတမံကြံ့ခိုင်ရေး ပုံမှန်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးသည် ဆည်ဝန်ထမ်းများအား တွေ့ဆုံပြီး မိုးရာသီတမံထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများနှင့် ရေမှတ်၊ မိုးရေချိန်တိုင်းတာပေးပို့ခြင်းများအား စေ့စပ်သေချာစွာဆောင်ရွက်ရန်၊ မိမိဝန်ထမ်းများ၏ စွမ်းဆောင်ရည်အားကို ဒေသမှအသိအမှတ်ပြု အားကိုးခြင်းဖြင့် ဆည်မြောင်းဌာန၏ ဂုဏ်ကို မြှင့်တင်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဇလက်ထော်ရေလှောင်တမံ ၏ အထက်ပိုင်း ရော်ဘာစိုက်ခြံများအတွင်းရှိ ပဲခူးမြို့နယ် ချမ်းသာကွင်းကျေးရွာ

အမှတ်(၁၁) ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်းသို့ သွားရောက်ပြီး ညွှန်ကြားရေးမှူးဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်ပိုပိုဦး မိသားစုက ကျောင်းထိုင်ဆရာတော်အား သက်နှံးဆက်ကပ်ပြီး ဆရာမ ငါးဦး၊ ကျောင်းသား ကျောင်းသူ ၁၆၈ ဦးတို့အတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင် စာရေးကိရိယာများ၊ ပဲနို့နှင့် မုန့်များ ပေးအပ်လျှုဒါန်းခဲ့ကြောင်း သိရသည်။

သူရဇောင် (ဖြည်)

မိုင်းဖြတ်မြို့၌ LED လမ်းမီးတိုင်များ တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်

မိုင်းဖြတ် ဇွန် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ မြို့နယ်စည်ပင်သာယာလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ လမ်းဆုံများတွင် (LED) မီးလုံးများတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူများမှ ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်အနေဖြင့် ရွှေလင်းစတိုးမိသားစု၊ ကိုသန်းအေးကုန်စုံဆိုင်၊ ကိုသားကြီးလက်ဖက်ရည်ဆိုင်တို့မှ လည်း မြို့သာယာလှပရေးအတွက် (LED)မီးသုံးလုံးကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ (LED) လမ်းမီးတိုင်များတပ်ဆင်ရာတွင် မီးတိုင်တစ်တိုင်လျှင် ငွေကျပ် ၈၅၀၀၀ ကျသင့်မည်ဖြစ်ပြီး ၂၀၁၇-၂၀၁۸ ဌာနခွင့်ပြုရန်ပုံငွေဖြင့် မီးတိုင် ၁၀ တိုင်၊ မြို့မိမြို့ဖအလျှုရှင်သုံးဦးက မီးတိုင်သုံးတိုင် စုစုပေါင်း ၁၃ တိုင်ကို လူအများသွားလာသည့် လမ်းဆုံများ၊ လူစည်ကားရာနေရာများတွင် တပ်ဆင် သွားမည်ဖြစ်ပြီး ညအချိန် မီးတိုင်များထွန်းထားခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်သည်။ တပ်ဆင်သည့် စနစ်ကတော့ ညနေ ၆ နာရီမှ နံနက် ၆ နာရီ အထိ Auto စနစ်ဖြင့် တပ်ဆင်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း အမှုဆောင်အရာရှိ ဦးတိုးဇော်ထွန်းထံမှ သိရသည်။ **သန်းထွန်းအေး(ဖြန်/ဆက်)**

၂၀၁၇–၂၀၁۸ ဘဏ္ဍာနှစ် မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ပျိုးပင်ပေါင်းခုနစ်သိန်းကျော်ကို ဖြန့်ဝေစိုက်ပျိုးသွားမည်

မုံရွာ ဇွန် ၂၇

တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ၂၀၁၇-၂၀၁۸ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိန်းလမ်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပြည်သူလူထုသို့ ပျိုးပင်ပေါင်း ၇၅၄၅၈၀ ကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊ မြန်မာနိုင်ငံ၏သစ်တောများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများတွင် ပြည်သူများမှ ပူးပေါင်းပါဝင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးတတ်စေရန်အတွက် ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးရဲ့ သစ်တောဖုံးလွှမ်းမှုက တစ်နိုင်ငံလုံးမှာ ၁၀ ဒသမ ၈၉ ရာခိုင်နှုန်းရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးထဲမှာ သစ်တောဖုံးလွှမ်းမှုအနေနဲ့ တတိယအမျှားဆုံးမှာ ရှိပါတယ်။ ထပ်ပြီးလည်း သစ်တော၊ သစ်ပင်တွေ တိုးမြှင့်စိုက်ပျိုးတည်ထောင်နေပါတယ်။ သစ်တော၊ သစ်ပင်တည်ထောင်စိုက်ပျိုးရေးလုပ်ငန်းတွေကို ပြည်သူ့တွေအနေနဲ့ ပူးပေါင်းပါဝင်နိုင်ဖို့နဲ့ ကိုယ်တိုင်စိုက်ပျိုးတဲ့အလေ့အကျင့်ကောင်းတွေရဖို့ အတွက် လုပ်ဆောင်တာပါ” ဟု တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပျိုးပင် ၇၅၄၅၈၀ ကို ဆက်သွယ်ရေးလမ်း၀ဲ/ယာများတွင် ကျွန်းပင်များစိုက်ပျိုးခြင်းကိုအပင် ၉၂၀၀၀ ဖြင့်လည်းကောင်း၊ တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးခြင်းကို အပင် ၄၃၂၀၀ ဖြင့်လည်းကောင်း၊ တစ်အိမ်ထောင်သစ်မာပင် ၂၀ စိုက်ပျိုးခြင်းအဖြစ် အပင် ၂၇၀၀၀ ဖြင့်လည်းကောင်း၊ ကျေးရွာပိုင်တစ်ဧကစိုက်ခင်းစိုက်ပျိုးတည်ထောင်ရန်အတွက် အပင် ၂၈၈၀၀ ဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းပိုင်မြေများနှင့် ကျေးရွာပိုင်မြေများတွင်စိုက်ပျိုးခြင်းများပါရှိမည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများသို့ လျာထားချက်၏ သုည ဒသမ ၇၇ ရာခိုင်နှုန်းကို ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧရျာတိုင်း)**

ရွှေပြည်သာစက်မှုဇုန် (၁) တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပြီးစီး

ရန်ကုန် ဇွန် ၂၇

ရွှေပြည်သာစက်မှုဇုန် (၁) အတွင်းရှိ စက်မှု(၆)လမ်းနှင့် ချယ်ရီလမ်း ထောင့်တွင် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာ တိုက်နှစ်လုံးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှစ၍ ဆောက်လုပ်ခဲ့ရာ တစ်လွှာလျှင် ၁၈ပေ× ၁၈ပေ× ၉ပေ ရှိ အခန်းပေါင်း ၁၂ ခန်းပါ ငါးလွှာတိုက်နှစ်လုံး အခန်းပေါင်း ၁၂၀ ခန်း ဆောက်လုပ်ပြီးစီးကြောင်း သိရသည်။

အဆိုပါ တိုက်ခန်းများကို ရွှေပြည်သာစက်မှုဇုန် (၁) အတွင်းရှိ ပိုင်ရှင်နှင့် ဝန်ထမ်းလုပ်သားများ သက်သောင့်သက်သာနေထိုင်နိုင်ရေး၊ အချိန်တိုအတွင်း စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ပြီး ကုန်ထုတ်စွမ်းအား ပိုမိုအသုံးပြုနိုင်ရေးအတွက် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများကို အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ဝန်ထမ်းလုပ်သားများ ၇၀၀ ခန့် နေထိုင်နိုင်မည်ဖြစ်သည်။

ပထမထပ် တစ်ခန်းလျှင် ကျပ်သိန်း ၁၂၀ သိန်း၊ ဒုတိယထပ် တစ်ခန်းလျှင် ၁၁၀၊ တတိယထပ် တစ်ခန်းလျှင် ကျပ်သိန်း ၁၀၀ သိန်း၊ စတုတ္ထထပ် တစ်ခန်းလျှင် ကျပ်သိန်း ၉၀၊ ပဉ္စမထပ် တစ်ခန်းလျှင် ကျပ်သိန်း ၈၀ ဖြင့် အရစ်ကျ ဝယ်ယူနေထိုင်နေပြီဖြစ်သည်။

အခန်းတိုင်းတွင် ရေချိုးခန်း၊ အိမ်သာပါရှိပြီး ရေမော်တာတစ်လုံး စီနှင့် လျှပ်စစ်အိမ်သုံးမီတာတစ်လုံးစီ တပ်ဆင်ပေးထားသည်။ တိုက်ခန်းများတွင် နေထိုင်ကြသော တိုက်ခန်းပိုင်ရှင်ဝန်ထမ်းများအထဲမှ စိတ်ပါဝင်စားသူများကို အများသဘောဖြင့် သာယာရေးကော်မတီ ဖွဲ့စည်းထားပြီး လုံခြုံရေးဝန်ထမ်းခန့်ထားခြင်း၊ စွန့်ပစ်အမှိုက်များကိုလည်း တိုက်ခန်းနေဝန်ထမ်းလုပ်သားများအား အနှံ့ဆိုးဖြင့် စိတ်အနှောင့်အယှက် မဖြစ်ရအောင် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့်ပူးပေါင်းပြီး သတ်မှတ်အမှိုက်ပုံးများ စီစဉ်ဆောင်ရွက်ထားပြီး တစ်ပတ်လျှင် (တနလ်၁၊ ဗုဒ္ဓဟူး၊ သောကြာ) သုံးရက်အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်လျက်ရှိသည်။

တိုက်ခန်းတွင် နေထိုင်ကြသည့် ဝန်ထမ်းလုပ်သားများသွားလာသည့် အခါ အဆင်ပြေချောမွေ့စေရန် မိုးတွင်းကာလလမ်းများအပေါ် ရေလျှံမှုများမရှိစေရေး ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ကွန်ကရစ်အုတ်ရေမြောင်းများကို လည်း Comsic Crown Co.,Ltd. က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ထားဆုမေ)

(၁၄)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇွန် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

(၁၄)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 14th China-ASEAN Expo)နှင့် (၁၄)ကြိမ်မြောက် တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး (The 14th China-ASEAN Business and Investment Summit)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့ Nanning International Convention & Exhibition Center ၌ စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန်ဖိတ်ခေါ်ထားသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၃ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.comနှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်)ဖုန်း-၀၁-၂၅၄၀၂၄၊ Email:itpic.moc@gmail.com၊ website:www.trade.gov.mm နှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြစ်ရေဝင်ရောက်မှုကာကွယ်ရန် ကမ်းနားတစ်လျှောက် ကျောက်ရိုးစီ တာပေါင်တည်ဆောက်

ရေစကြို ဇွန် ၂၇

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အတွင်း ချင်းတွင်းမြစ်ရေဝင်ရောက်မှုကို ကာကွယ်နိုင်ရန်အတွက် ကမ်းနားတစ်လျှောက် ကျောက်ရိုးစီ တာပေါင်မြှင့်လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် နှစ်စဉ်ကဲ့သို့ မြစ်ရေကြီးမှုကြောင့် ကမ်းနားတစ်လျှောက် မြို့ရေကာတာကိုကျော်၍ လူနေရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် ပြည်သူများ သွားလာရေး အဆင်မပြေသလို အရောင်းအဝယ်များလည်း ထိခိုက်သဖြင့် မြို့အတွင်းရေဝင်ရောက်မှုမှ ကာကွယ်ရန် ယခုကဲ့သို့ ကျောက်ရိုးစီ တာပေါင် မြှင့်ခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

"ကမ်းနားတစ်လျှောက် မြို့ရေကာတာ ကမ်းထိန်းနံရံတွေက ၁၉၉၁ ခုနှစ်လောက်ကတည်းက ဆောက်ထားတာဖြစ်ပါတယ်။ အခု ချင်းတွင်းမြစ်ရေကြီးတာက အရင်နဲ့မတူဘူး။ တစ်ခါတစ်ရံ ခန့်မှန်းမရအောင် ကြီးတာဆိုတော့ ယခင်(လယ်ဘယ်)နဲ့မကိုက်ညီတော့ဘူး။ ယမန်နှစ်က မြစ်ရေနှစ်ကြိမ်ကြီးပြီး မြို့ရဲ့စိုးရိမ်ရေမှတ် ၂၉ ပေ ၇ လက်မအထက် တစ်ပေသာသာအထိ ရောက်ရှိတဲ့အတွက် ရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်လို့ လူနဲ့ တိရစ္ဆာန်တွေ ဒုက္ခရောက်ကြရတယ်။ ဒါကြောင့် ယခု နှစ်ပေမြင့်ပြီး ကျောက်ရိုးစီ တာပေါင်လုပ်ငန်းကို ဆောင်ရွက်ခဲ့တာပါ"ဟု လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်ဦးက ရှင်းပြသည်။

ယခုကဲ့သို့ ကမ်းနားတစ်လျှောက် တာပေါင်မြှင့်တင်ပေးခြင်းကြောင့် မြို့အတွင်း ရေဝင်ရောက်မှုမှကာကွယ်နိုင်ခြင်းဖြင့် သွားလာရေး၊ ရောင်းဝယ်ရေးများ အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

ဖေထွေးဇော်(ရေစကြို)

■

ကြေးမုံ သတင်းအတိုအထွာများ

လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းအသစ်တည်ဆောက်

ညောင်တုန်း ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် 33KV လှိုင်သာယာမှ ညောင်တုန်းမြို့သို့ သွယ်တန်းဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ဓာတ်အားလိုင်းများ မကြာခဏပြတ်တောက်မှုများရှိနေသဖြင့် လျှပ်စစ်မီးနှင့်ပတ်သက်သည့်အခက်အခဲများ အဆင်ပြေစေရေး၊ ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေးအတွက် 33KV လှိုင်သာယာ-ညောင်တုန်းဓာတ်အားလိုင်းအသစ်တည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်(တိုင်းဒေသကြီး) ခွင့်ပြုမိန့်များရရှိခဲ့ပြီး မြေပြင်စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းကို ဇွန်လဆန်းပိုင်းမှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ထွန်းကျော်(ညောင်တုန်း)

မွေးမြူရေးနှင့် ကုသရေးနည်းပညာပေးသင်တန်းပွင့်

လေးမျက်နှာ ဇွန် ၂၇

စိုက်ပျိုးရေး၊ မွေးမြူးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးနှင့် ကုသရေးနည်းပညာပေးသင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲကို အဆိုပါရုံးခ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းတို့မှ ဝန်ထမ်း ၅၀ တက်ရောက်လျက်ရှိပြီး သင်တန်းနည်းပြများက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာသင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်သည်။ အဆိုပါ သင်တန်းသားများက ရပ်ကွက်နှင့် ကျေးရွာများတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းဇော်ထွန်း(လေးမျက်နှာ)

ရေစင်နှင့် ရေပိုက်လိုင်းများ ဇူလိုင်လအတွင်း အပြီးတည်ဆောက်မည်

ဘုတလင် ဇွန် ၂၇

ဘုတလင်မြို့နယ် ပိုးကုန်းကျေးရွာတွင် အိမ်တိုင်ရာရောက်ရေပေးဝေနိုင်မည့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့်ပေ ၂၀ ရှိ ဂါလန်(၁၆၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် ရေမီတာသုံးရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေ ၆ ဒသမ ၁ သန်း၊ ပြည်သူထည့်ဝင်ငွေ ခုနစ်သန်းတို့ဖြင့် ဇွန် ၂၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဖြိုး(ဘုတလင်)

ကျောင်းအဆင့်တိုးမြှင့်ပွဲနှင့် လူထုစစ်ဆေးပွဲကျင်းပ

ငါန်းဇွန် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် လူထုစစ်ဆေးပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ရေလည်သောင်အရှေ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ရန်ပုံငွေကျပ် ၆၅၃၆၁၅ နှင့် ကျေးရွာမှ ထည့်ဝင်လျူဒါန်းငွေကျပ် ၂၁၄၂၅၀ ဖြင့် အရှည်ပေ ၅၆၀၊ အမြင့် ၄ ပေ ၅ လက်မရှိ ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ ထို့နောက် လူထုစစ်ဆေးပွဲ ဆက်လက်ဆောင်ရွက်ရာ စုစုပေါင်း ၁၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(မင်းမြင့်မိုရ်)

ဝိုင်းမော်မြို့တွင် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

ဝိုင်းမော် ဇွန် ၂၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့တွင် ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ယနေ့နံနက်ပိုင်းက အထက (၁)ရှေ့၌ ပြုလုပ်ရာ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်ဝင်းအောင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများဖြင့် ပျဉ်းကတိုးပျိုးပင် စုစုပေါင်း ၂၀၀ စိုက်ပျိုးခဲ့သည်။

မြို့နယ်(မြန်/ဆက်)

ခြေလျင်တောင်တက်အားကစားသည် စံထားလောက်သည့် စိတ်ဓာတ်ခွန်အားများ ပေးစွမ်းနိုင်

ခြေလျင်တောင်တက်အားကစားသည် လူလူချင်းယှဉ်ပြိုင်ရသည့် အားကစားမဟုတ်ဘဲ သဘာဝရေမြေတောတောင် ရာသီဥတုအတားအဆီးအခက်အခဲများကို ရင်ဆိုင်ကျော်လွှားရသည့် အားကစားဖြစ်သည်။ ခြေလျင်တောင်တက်အားကစားသည် စည်းလုံးခြင်းကို အားပေးသည်။ ခြေလျင်တောင်တက်ခြင်းမှသည် လူသားတိုင်းအတွက် စံထားလောက်သည့် စိတ်ဓာတ်ခွန်အားများကို ပျိုးထောင်ပေးနိုင်သည်။ ထိုကဲ့သို့သော စိတ်ဓာတ်ခွန်အားများ ပျိုးထောင်မွေးထုတ်ပေးရာ အသင်းတစ်ခုဖြစ်သည့် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့်တွေ့ဆုံကာ ခြေလျင်တောင်တက်အားကစား၏ အကျိုးကျေးဇူးများနှင့် အသင်း၏လှုပ်ရှားနေမှု ခရီးစဉ်များအကြောင်းကို မေးမြန်းခဲ့သည်။

ဦးမျိုးသန့် (ဥက္ကဋ္ဌ)
တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း
သဘာဝခေါ်သံဖောင်ဒေးရှင်း။

မေး။ ။ ဆရာ. . . မဂ်လာပါရှင်။ အရင်ဆုံး တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းဖြစ်ပေါ်လာပုံကို ရှင်းပြပေးပါ။

ဖြေ။ ။ဆရာက ပုသိမ်၊ ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်များ တောင်တက်အသင်းမှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခရာထူးကနေ ပင်စင်ယူတော့ စုစည်းထားပြီးဖြစ်တဲ့ တက္ကသိုလ်ကောလိပ်အသင်းရဲ့ တောင်တက်အသင်းဝင်တွေအပြင် ဘွဲ့ရပြီးတဲ့ တက္ကသိုလ်ကျောင်းသားဟောင်းအားလုံး ဒီအသင်းမှာ ဆက်လက်လှုပ်ရှားနိုင်အောင်၊ ကောလိပ်အသီးသီးမှာရှိတဲ့ တောင်တက်အသင်းဝင်တွေရဲ့ လိုအပ်တဲ့အကူအညီများ အကောင်းဆုံးပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သဘာဝခေါ်သံအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့တယ်။ ဆရာတို့ တက္ကသိုလ်ကျောင်းသားဟောင်း ကျောင်းသားသစ်တွေ အားလုံးစုစည်းပြီး ခရီးကြမ်းတွေ ထွက်ကြမယ်။ ခရီးကြမ်းတွေထွက်ကြရင်းနဲ့ရောက်ရှိရာ ဒေသမိဘပြည်သူတွေရဲ့ လူမှုရေး၊ ပညာရေးလုပ်ငန်းများကို စွမ်းနိုင်သမျှစွမ်းဆောင်ပြီးတော့ သဘာဝရေမြေထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သဘာဝခေါ်သံဖောင်ဒေးရှင်းကို တည်ထောင်ခဲ့တာပါ။

မေး။ ။ ဆရာတို့အသင်းအနေနဲ့ နှစ်စဉ် ဘယ်နှစ်ကြိမ်လောက်ခြေလျင်တောင်တက်ခရီးကြမ်းထွက်ဖြစ်ပါလဲ။

ဖြေ။ ။ဆရာတို့အသင်းအနေနဲ့ နှစ်စဉ်ခရီးစဉ်ကြီး နှစ်ကြိမ်၊ ခရီးစဉ်တိုအကြိမ်များစွာထွက်ပါတယ်။ အသွားအပြန် ၁၀ ရက်ထက် ပိုကြာတဲ့ ခရီးစဉ်တွေကို ခရီးစဉ်ကြီးလို့ သတ်မှတ်ပြီး ရက်ပိုင်းလေးတွေသွားတဲ့ ခရီးကြမ်းတွေကိုကျတော့ ခရီးတိုလို့ သတ်မှတ်တယ်။ မနှစ်ကတော့ ဆရာတို့ ခရီးစဉ်အားလုံး ၁၈ ကြိမ်လောက်ထွက်ဖြစ်ပါတယ်။

ဖုန်ဂန်ရာဇီရေခဲတောင်နဲ့ လွန်ခရူမာဒင်ရေခဲတောင်နောက် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အစရှိတဲ့ဒေသတွေမှာလည်း ခရီးကြမ်း၊ ခရီးတိုများစွာ ထွက်ဖြစ်ပါတယ်။

မေး။ ။ဟုတ်ကဲ့ပါဆရာ၊ ဒီနှစ်အတွက်ကော ခရီးစဉ်လျာထားချက်များရှိရင် ပြောပြပေးပါဦး။

ဖြေ။ ။ဆရာတို့ ဇူလိုင် ၁၄ ကနေ ၁၇ ရက်အထိ မိုးရာသီမွန်ပြည်နယ်၊ ဝေပုလ္လ၊ ကေလာသတောင် ခရီးကြမ်း။ ဩဂုတ် ၂၆ ရက်ကနေ ၂၇ ရက်က မိုးရာသီ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ငါးဆူတောင်ခရီးကြမ်းသွားရောက်မှာပါ။ အောက်တိုဘာ ၄ ရက်ကနေ ၈ ရက်အထိက ဆောင်းရာသီ ရှမ်းပြည်နယ် တောင်ပိုင်း(ဆင်တောင်၊ မြင်းမထိတောင်၊ အရှေ့မြင်အနောက်မြင်တောင်)ကို ခြေလျင်တောင်တက်ခရီးစဉ်ရယ် နိုဝင်ဘာ ၂ ရက်ကနေ ၅ ရက်အထိက ဆောင်းရာသီ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြက္ခရွှေတောင်ခြေလျင်ခရီးကြမ်းရှိပါတယ်။ ဒီဇင်ဘာလ မဟုတ်ရင် ၂၀၁၈ ဇန်နဝါရီလမှာ ဆောင်းရာသီမှာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် အလောင်းတော်ကသပ ခြေလျင်ခရီးကြမ်းရှိပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၂ ရက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် ရခိုင်ရိုးမတောင်ပိုင်း ခရီးကြမ်း ပြီးတော့ ၂၀၁၈ ခုနှစ် မတ်၊ ဧပြီမှာ နွေရာသီ ကချင်ပြည်နယ် ခရီးစဉ်တို့ကို သွားရောက်ဖို့ လျာထားတာရှိပါတယ်။

မေး။ ။ဆရာတို့အသင်းအနေနဲ့ ခရီးထွက်တဲ့အခါ ရောက်ရာဒေသမှာ လူမှုအကျိုးပြုဖွံ့ဖြိုးရေးလုပ်ငန်များ လုပ်ကိုင်တယ်လို့ သိရပါတယ်။ အသင်းရဲ့လှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး သိချင်ပါတယ်။

ဖြေ။ ။အဓိကအားဖြင့်တော့ ဆရာတို့ဘယ်ဒေသရောက်ရောက် ရောက်ရှိရာဒေသမှာ ကိုယ့်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲနဲ့ အများအကျိုးဆောင်ရွက်သူတွေဖြစ်ပါတယ်။ အထူးသဖြင့် ၂၀၀၈ ခုနှစ် နာဂစ်တုန်းက ပြည်နယ်နှင့်တိုင်းဒေသကြီး သုံးခုလောက်ချိတ်ဆက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒေးဒရဲဖြို့နယ်၊ သံဒိတ်ကျေးရွာ ပတ်ဝန်းကျင် ကျေးရွာ သုံးရွာမှာ အခြေချပြီး ကယ်ဆယ်ရေး၊ ကူညီရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သုံးနှစ်ဆက်တိုက်ဆောင်ရွက်ခဲ့ပါတယ်။ မျက်မှောက်ကာလအထိလည်း အဲဒီကျေးရွာတွေမှာ ပညာရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်မှာကျခဲ့တဲ့ ရေဘေးမှာဆိုလည်း ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီးတို့မှာ ဆေးကုတဲ့အဖွဲ့တွေ လွှတ်တယ်။ ဆန်တွေပေးပို့လျှာဒါန်းတယ်။ အဝတ်အထည်တွေနဲ့ အခြားရိက္ခာတွေ ပေးပို့လျှာဒါန်းပါတယ်။ ပြီးတော့ အထက်ချုပ်ဗဟိုရေလဲ ကမ္ဘာ့ဘဏ်ရဲ့ ရန်ပုံငွေ ၁ သန်းခန့်ကနေ ကျွန်တော်တို့ ခရီးသွားတွေ ဆောင်ရွက်ခဲ့ကြတယ်။ ဒီနှစ်ကတော့ ဆရာတို့ ခရီးစဉ်အားလုံး ၁၈ ကြိမ်ထွက်ခဲ့ပြီးပြီ။ ဒီနှစ်ကတော့ ဆရာတို့ ခရီးစဉ်ကြီးတွေ ကျော်ပြီးပြီ။ ဒီနှစ်ကတော့ ကျွန်တော်တို့ ခရီးသွားတွေ ဆောင်ရွက်ခဲ့ကြတယ်။ ဒီနှစ်ကတော့ ကိုယ်ပိုင်ကားတွေ ရှိတယ်။ ကားတွေ ရှိတယ်ဆိုတော့ ကားတွေ ဘယ်ဘက်ကနေ ဘယ်ဘက်ကို ရောက်ရှိတယ်ဆိုတာ

Miss Earth Myanmar 2017 သရဖူရှင် တင်စန္ဒာမျိုးနှင့် တွေ့ဆုံခြင်း

ခန္ဓာကိုယ်ကြံ့ခိုင်လှပခြင်းအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အများအကျိုးဆောင်သည့် ပရဟိတစိတ်ထားရှိသူများကို ရွေးချယ်သည့် Miss Earth Myanmar 2017 ပြိုင်ပွဲတွင် သရဖူရရှိခဲ့သူ အသက်(၂၅)နှစ်အရွယ်ရှိ တင်စန္ဒာမျိုးနှင့် တွေ့ဆုံစဉ် မေးမြန်းဖြစ်ခဲ့သည်များကို ကြေးမုံပရိသတ်အတွက် ဖော်ပြပေးလိုက်ပါတယ်။

မေး။ ။ ညီမရဲ့ အနုပညာလှုပ်ရှားမှုကို ပြောပေးပါ။

ဖြေ။ ။ ညီမက ၂၀၁၄ ခုနှစ်ကစပြီး မော်ဒယ်လ်လောကမှာ ရပ်တည်ခဲ့တယ်။ မော်ဒယ်လ်တစ်ယောက်အနေနဲ့ လှုပ်ရှားနေတယ်။ ဒီလိုပြိုင်ပွဲတွေမှာ ပြိုင်ဖြစ်တယ်။ အဓိကက အလှမယ်တစ်ယောက်ဖြစ်ချင်တယ်။ ညီမဘဝမှာ Miss အဖြစ်နဲ့ ရပ်တည်ချင်တဲ့အတွက် ပြိုင်ပွဲတွေ ပြိုင်ခဲ့ပြီး ဒီနှစ်မှာမှ Miss Earth ဆုပိုင်ဆိုင်နိုင်ခဲ့တယ်။

မေး။ ။ ဒီဆုရဖို့ မျှော်မှန်းထားလား။

ဖြေ။ ။ လူတိုင်းကတော့ မျှော်လင့်ချက်ရှိတယ်။ ကိုယ့်မှာ အိပ်မက်ကိုယ်စီရှိတာပဲလေ။ အဓိကက ရပ်မနေဘဲ ကိုယ်ကကြိုးစားသွားရမယ်ဆိုတော့ ညီမမှာ ဒီလိုဖြစ်ဖို့ ဆိုတာ အိပ်မက်ရှိတယ်။ ကြိုးစားခဲ့တယ်။

မေး။ ။ ညီမဒီဆုကို ဘာကြောင့် ပိုင်ဆိုင်ခွင့်ရခဲ့တယ်ထင်လဲ။

ဖြေ။ ။ အသက်အရွယ်ပိုင်းအရဆိုလည်း ညီမက ရင့်ကျက်တယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာတွေကိုလည်း ဦးဆောင်ဦးရွက်ပြုနိုင်မယ်။ ညီမကလည်း ပရဟိတလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာတွေမှာ တက်ကြွစွာပါဝင်လှုပ်ရှားသူဆိုတော့ ညီမကို သူတို့က ဆက်လက်ပြီးလုပ်သင့်တယ်လို့ ရည်ရွယ်ပြီး ပေးတယ်လို့ထင်ပါတယ်။ (ရယ်လျက်)

မေး။ ။ သရဖူပိုင်ဆိုင်ခွင့်ရခဲ့ပြီဆိုတော့ ဘာတွေ ဆက်လုပ်မလဲ။

ဖြေ။ ။ Miss Earth Orgnizaton ရဲ့ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းတွေ၊ နောက်ပြီး ပရဟိတပေါ့။ အဓိက ညီမတို့ ငွေအားနဲ့ မဟုတ်ရင်တောင်မှ လူအားနဲ့ ကူညီပြီးတော့ လူဘောင်အဖွဲ့အစည်းအတွက် လူသားတွေ ဘယ်လို အကျိုးပြုသွားမယ်ဆိုတာတွေကို ဆက်လက်ပြီးလုပ်ဆောင်သွားပါမယ်။

မေး။ ။ ပရိသတ်ကို စကားလက်ဆောင် ဘာပြောချင်လဲ။

ဖြေ။ ။ ညီမအနေနဲ့ ဖိလစ်ပိုင်မှာ ကျင်းပမယ့် Miss Earth ပြိုင်ပွဲမှာ အစွမ်းကုန်ကြိုးစားမယ်။ နိုင်ငံကိုယ်စားပြုဆိုတဲ့အတိုင်း ဂုဏ်ယူရတဲ့ အမျိုးသမီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားယှဉ်ပြိုင်သွားပါမယ်။ ညီမကိုအားပေးတဲ့ ပရိသတ်တွေ၊ သူငယ်ချင်းတွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ညီမကိုချစ်တဲ့သူတွေအတွက် ကြိုးစားပေးဆပ်ဖို့ အဆင်သင့်ပါပဲ။

(ဇာနည်မောင်)

ဂျက်ကီချန်း၏ ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ကမ္ဘာကျော် ဟောင်ကောင်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဂျက်ကီချန်းကို အက်ရှင်ရုပ်ရှင်သစ်တစ်ကားမှာ ပြန်လည်တွေ့မြင်ကြရတော့မှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ဂျက်ကီချန်း ခေါင်းဆောင်ပါဝင်ထားတဲ့ ဟောလီဝုဒ်ရုပ်ရှင် "The Foreigner" ကို အစမ်းထုတ်လွှင့်ပြသခဲ့ရာ ယင်းရုပ်ရှင်မှာ ဂျက်ကီချန်းရဲ့ တိုက်ခိုက်ရေးစွမ်းရည်တွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

